မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်၊ ၂၀၀၈ခုနှစ်၊ အောက်တိုဘာ ၂၇ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၈)၊ အမှတ်(၂၇)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သဘာဝစွန့်ပစ်ပစ္စည်းမှထွက်ရှိသော ဇီဝဓာတ်ငွေ့ဖြင့် ထမင်းဟင်းချက်ပြုတ်နိုင် ကျေးလက်နေပြည်သူများ ဇီဝဓာတ်ငွေ့အသုံးပြုနိုင်ရေး စည်းရုံးဆောင်ရွက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဇီဝဓာတ်ငွေ့ထုတ်လုပ်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကြို့ကုန်းရှိ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ(ရန်ကုန်)သို့ သွားရောက်ပြီး သဘာဝစွန့်ပစ်ပစ္စည်းသုံး ဇီဝဓာတ်ငွေ့ စွမ်းအင်ထုတ်ဓာတ်ပေါင်းအိုးကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေလိုက်ပါလျက် မွန်းလွဲ ၂နာရီတွင် မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ(ရန်ကုန်)သို့ ရောက်ရှိလာရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ(ရန်ကုန်)တွင် သဘာဝစွန့်ပစ်ပစ္စည်းသုံး ဇီဝဓာတ်ငွေ့စွမ်းအင်ထုတ် ဓာတ်ပေါင်းအိုးကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရေလမ်းထွက်ပေါက်သာရှိရာမှ ကုန်းလမ်းထွက်ပေါက်ကြီး တစ်ခုအဖြစ် ရန်ကုန်-ကျောက်ဖြူလမ်းမကြီးနှင့်အတူ မင်းကြောင်းချောင်းတံတား ပေါ်ထွက်လာ

သတင်းမှတ်စု	- နုနုရီနှင့် အေးသန္တာသိန်း
ဓာတ်ပုံမှတ်တမ်း	- မြန်မာ့အလင်း
စာမျက်နှာဖွဲ့စည်းမှု	- မင်းထွန်း(မြန်မာ့အလင်း)

ရန်ကုန် အောက်တိုဘာ ၂၆

ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး သွားလာမှုလွယ်ကူချောမွေ့ပြီး တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရက မြစ်ကူးချောင်းကူး တံတားကြီး၊ တံတားလတ်၊ တံတားငယ်အသွယ်သွယ်ကို ဖြည့်ဆည်းတည်ဆောက်ပေးလျက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၁ *

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် အောက်တိုဘာ ၂၇ ရက်)

တရုတ်–အာဆီယံ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ပူးပေါင်းဆောင်ရွက် မြန်မာ–တရုတ် ကုန်သွယ်မှုကဏ္ဍတိုးမြှင့်

(၅)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့၌ အောက်တိုဘာ ၂၂ရက်က ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ခဲ့သည်။

တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသည် တရုတ်နှင့်အာဆီယံတို့အကြား စီးပွားရေးအသိုက်အဝန်းနယ်ပယ်အသီးသီးတွင် အချင်းချင်း ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှုအတွက် အလေးအနက်ပြုရမည့် ဘူမိနက်သန်နေရာအဖြစ် ရောက်ရှိလာပြီဖြစ်သည်။

ယင်းအစည်းအဝေး၏ အဓိကရည်ရွယ်ချက်သည် တရုတ်နှင့်အာဆီယံတို့အကြား ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများတွင်သာမက အခြားသော စီးပွားရေးနယ်ပယ်များတွင်လည်း ပိုမိုကျယ်ပြန့်သောအမြင်များဖြင့် ပူးပေါင်းဆောင်ရွက်မှုအရှိန်အဟုန် တိုးတက်မှုရရန် ဖြစ်ပေသည်။

ယင်းအစည်းအဝေးကြီးနှင့်အတူ နန်နင်းနိုင်ငံတကာအနုပညာပြပွဲ၊ တတိယအကြိမ်မြောက် တရုတ်-အာဆီယံ ကြေးနန်းဆက်သွယ်ရေးရက်သတ္တပတ်အစည်းအဝေးနှင့် အခြားစီးပွားရေးဖိုရမ်များကို တစ်ပြိုင်နက် ကျင်းပနိုင်ခဲ့ခြင်းသည် တရုတ်-အာဆီယံ ပူးပေါင်းဆောင်ရွက်ရေးကို အရှိန်အဟုန် ပိုမိုရရှိစေသည်။

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုပမာဏကို လေ့လာကြည့်ပါလျှင် ၂၀၀၅ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ဒသမ၅ဘီလီယံရှိပြီး ၂၀၀၇-၂၀၀၈တွင် အမေရိကန်ဒေါ်လာ ၂ဒသမ၄ဘီလီယံအထိ တိုးတက်လာခဲ့ကြောင်း တွေ့ရသည်။

မြန်မာနိုင်ငံတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ စတုတ္ထနေရာ၌ရှိနေပြီး တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်နေသောကဏ္ဍများမှာ သတ္တု၊ စက်မှု၊ လျှပ်စစ်၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတို့ ဖြစ်ကြသည်။

သို့ဖြစ်ပေရာ ကျင်းပပြီးစီးခဲ့သော တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသည် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြားတွင် လည်းကောင်း၊ တရုတ်နိုင်ငံနှင့်မြန်မာနိုင်ငံအကြား၌ လည်းကောင်း ကုန်သွယ်ရေးပမာဏ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်လာနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံဆရာဝန်အသင်း ညီလာခံကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၆

မြန်မာနိုင်ငံဆရာဝန်အသင်း (၅၅)ကြိမ်မြောက် ဆရာဝန်ညီလာခံကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၄ရက်မှ၂၀ရက်အထိ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ စာတမ်းတင်သွင်း ဖတ်ကြားလိုသူများသည် စာတမ်းများကို နိုဝင်ဘာ ၂၈ရက် နောက်ဆုံးထား၍ အတွင်းရေးမှူး ပညာရေးရာကော်မတီ မြန်မာနိုင်ငံဆရာဝန်အသင်း အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၇-၁၀-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄:၂၀	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၃၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅	၆။	မျိုးချစ်တပ်မတော်
၄:၅၀	၇။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅:၂၀	၈။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅:၃၀	၉။	ဗွီစီဒီကျော်ကြားတေးများ
၅:၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၄။	သွက်လက်လှုပ်ရှား ကစားစို့လား
၆:၄၅	၁၅။	လျှပ်တစ်ပြက်
၇:၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မင်းသမီးရဲ့နေ့စဉ်မှတ်တမ်း** (အပိုင်း-၅)
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
	၂၁။	မေးမြန်းစူးစမ်း
	၂၂။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၃။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေကြောင်းမြို့တော်** (အပိုင်း-၈)

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ရန်ကုန်တိုင်းရင်းဆေးရုံကြီး၌ ကြည့်ရှုစစ်ဆေးစဉ်။ (ကျန်းမာရေး)

ကျန်းမာရေး ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ရန်ကုန် တိုင်းရင်းဆေးရုံကြီး၌ ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၆

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် အောက်တိုဘာ ၂၅ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ရန်ကုန် တိုင်းရင်းဆေးရုံကြီး ဆေးရုံအစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ဒေါက်တာသိန်းကျော်နှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ အာနိသင်ထက်မြက်သော တိုင်းရင်းဆေးဖုံကုသနည်းများ ဖော်ထုတ်လေ့လာသွားရန် တိုင်းရင်းဆေးဆရာ ဆရာမများအနေဖြင့် တိုင်းရင်းဆေးဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးသည် ရန်ကုန် တိုင်းရင်းဆေးရုံအတွင်းရှိ အမျိုးသားလူနာဆောင်နှင့် အမျိုးသမီးလူနာဆောင်အတွင်း၌ တက်ရောက်ကုသနေသော လူနာများအားလည်းကောင်း၊ အကြောရောဂါကုသဌာန၊ အရိုးအဆစ်ရောဂါကုသဌာန၊ အပ်စိုက်ကုသမှုဌာနနှင့် အထွေထွေဆေးပညာဌာနများ၌ လူနာများအား ကုသပေးနေသည်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးအားပေးသည်။

တွေ့ဆုံ

ထို့နောက် ဒုတိယဝန်ကြီးသည် အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဝင်များ၊ တိုင်းရင်းဆေးဆရာအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၁၀-၂၀၀၈ (တနင်္လာနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**ပုထုဇဉ်တို့ ကတဲ့ဇာတ်ပွဲ** တရားတော် (မဏိရတနာဆရာတော် ဘဒ္ဒန္တပဏ္ဍိတ)
၇:၅၀-၁:၅၀	ဆံတော်ရှင်ကျိုက်ထီးရိုး ဘုရားဖူးခရီးသွားမှတ်တမ်း (အပိုင်း-၁)
၈:၀၀-၂:၀၀	Soccer Update
၈:၁၅-၂:၁၅	မုန်တိုင်းလွန်ကာလ မြင်ကွင်းသစ်များ (ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ပေမာန်ကျေးရွာအုပ်စု)
၈:၃၅-၂:၃၅	Fashion Guide (လှပတော်ဝင် ရတနာဒီဇိုင်းဖက်ရှင်)
၉:၀၀-၃:၀၀	ဒေဝီစေခိုင်းသမင်လိုက်ခန်း နှင့် ကျေးလက်ကကွက် လွန်စွဲမက်
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅	Online MBA အကြောင်းသိကောင်းစရာ
၉:၄၅-၃:၄၅	တေးဂီတအစီအစဉ်
၉:၅၀-၃:၅၀	စိုက်ပျိုးစီးပွားဖြစ်ထွန်းဖို့ ဇီဝမြေသြဇာသုံးစွဲစို့
၁၀:၁၀-၄:၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၅-၄:၁၅	**တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ** (မွေးမြူရေး ဆေးဝါး ထုတ်လုပ်ရေးစက်ရုံ)
၁၀:၂၅-၄:၂၅	တေးဂီတအစီအစဉ်
၁၀:၃၀-၄:၃၀	မိုးလေဝသခန့်မှန်းချက်
၁၀:၃၅-၄:၃၅	Biz Net
၁၀:၅၀-၄:၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀-၅:၀၀	ကျက်သရေတင့်တယ် လှစေမယ်(အပိုင်း-၂)
၁၁:၀၅-၅:၀၅	တေးဂီတအစီအစဉ်
၁၁:၁၀-၅:၁၀	မီကို၏ဒုတိယအကြိမ် ကံထူးရှင်များနှင့် တွေ့ဆုံခြင်း
၁၁:၂၅-၅:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၀-၅:၃၀	MRTV-4 ကျန်းမာရေးကဏ္ဍ အသည်းရောင်အသားဝါ ဘီပိုးကုသနည်း(အပိုင်း-၂) (ပါမောက္ခ ဒေါက်တာ ဦးသံစိန်နှင့် တွေ့ဆုံခြင်း)
၁၂:၀၀-၆:၀၀	Music Talk တေးသစ်တေးဟောင်း အကြောင်းအစုံစုံ **နဂါးနီ**
၁၂:၁၅-၆:၁၅	စီးဆင်းပါစေ မေတ္တာရည် (မေကဗျာ၊ ဖူးဖူး)
၁၂:၃၅-၆:၃၅	Yangon Panorama (ဓာတ်ပုံပညာရှင် ဇော်မင်းယု၏ အနုပညာဖန်တီးမှု)
၁၂:၅၅-၆:၅၅	တေးဂီတအစီအစဉ်
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တောင်ဥက္ကလာပမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အသက်(၇၅)နှစ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် အဖွဲ့ဝင်များ၏သားသမီးများမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ပွဲကို အောက်တိုဘာ ၂၁ရက်က မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံးခန်း၌ ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးမင်းသန်း(ငြိမ်း)က ထောက်ပံ့ဂုဏ်ပြု ချီးမြှင့်ငွေပေးအပ်စဉ်။ (စစ်မှုထမ်းဟောင်းအဖွဲ့)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ(ရန်ကုန်)ရှိ Instrumental Laboratory တွင် ပြည်တွင်းသို့ တင်သွင်းလာသည့် နို့မှုန့်များ၌ မယ်လမင်းဓာတ် ပါဝင်မှု ရှိ၊ မရှိ ခေတ်မီစစ်ဆေးကိရိယာများဖြင့် စမ်းသပ်စစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စိတ်ကောင်းနှင့်ယှဉ်

အများအကျိုး၊ ရွက်သယ်ပိုးက၊ ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း၊ မဖွဲ့စကောင်း၊ ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့။

(ရွှေဟင်္သာဆရာတော်ဘုရားကြီး)

● ရှေ့ဖုံးမှ

တင်ပြ

ယင်းနောက် ဝန်ကြီးချုပ်သည် ယာယီ ရှင်းလင်းဆောင်တွင် ပြသထားသော သဘာဝစွန့်ပစ်ပစ္စည်းသုံး ဇီဝဓာတ်ငွေ့ စွမ်းအင်ထုတ် ဓာတ်ပေါင်းအိုးကို ကြည့်ရှုစစ်ဆေးရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် စက်ရုံမှူး ဦးဝင်းကိုကိုတို့က သဘာဝစွန့်ပစ်ပစ္စည်းမှ ဇီဝဓာတ်ငွေ့ထုတ်ယူမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးချုပ်သည် သဘာဝစွန့်ပစ်ပစ္စည်းသုံး ဇီဝဓာတ်ငွေ့ စွမ်းအင်ထုတ် ဓာတ်ပေါင်းအိုးမှ ထွက်ရှိသည့် ဇီဝဓာတ်ငွေ့ဖြင့် ပေါင်းအိုးအသုံးပြု၍ ထမင်းချက်နေမှု၊ မီးဖိုဖြင့် ရေနွေးအိုးတည်နေမှု၊ အောက်လင်းဓာတ်မီး ထွန်းညှိအသုံးပြုမှုတို့အား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် သဘာဝစွန့်ပစ်ပစ္စည်းသုံး ဇီဝဓာတ်ငွေ့ စွမ်းအင်ထုတ် ဓာတ်ပေါင်းအိုး၏ ကိုယ်ထည်အပေါ်ပိုင်း၊ ကိုယ်ထည်အောက်ပိုင်း၊ ဓာတ်ငွေ့ထုတ် အပေါ်ထိပ်အုပ်၊ သဘာဝစွန့်ပစ်ပစ္စည်းထည့်ပိုက်နှင့် အသုံးပြုပြီး စွန့်ပစ်သည့် ပိုက်အစိတ်အပိုင်းများကို ကြည့်ရှုစစ်ဆေးရာ ဝန်ကြီးဦးအောင်သောင်းက လိုက်လံရှင်းလင်းပြသသည်။

တိုင်းတွင် ဇီဝဓာတ်ငွေ့စွမ်းအင်ထုတ် ဓာတ်ပေါင်းအိုးများ တည်ဆောက်၍ လက်တွေ့ပြသရန်၊ ကျေးလက်နေ ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မြင့်မားမား နေနိုင်ရေးအတွက် ဇီဝဓာတ်ငွေ့ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေး တာဝန်ရှိသူများက စည်းရုံးဆောင်ရွက်သွားရန်၊ ဇီဝဓာတ်ငွေ့အသုံးပြုပြီး ကျန်ရှိသော ဇီဝမြေသြဇာနှင့် ဇီဝပျော်ရည်တို့ကို အသုံးပြုခြင်းဖြင့် သီးနှံပင်များ ကြီးထွားပြီး အထွက်နှုန်း တိုးကြောင်းကို ပညာပေးဆောင်ရွက်ခြင်းသာမက လက်တွေ့ပြသရန်၊ (သို့မဟုတ်) ငါးကောင် (သို့မဟုတ်) ဝက်ငါးကောင်ခန့်(သို့မဟုတ်) ဆိတ် ၁၅ကောင်ခန့်မှ ငါးရက်တွင် ပေါင်၂၀ခန့် ထွက်ရှိသော စွန့်ပစ်ပစ္စည်းများဖြင့် ဇီဝဓာတ်ငွေ့ လုံလုံလောက်လောက် ရနိုင်သည်။

အသုံးပြုနိုင်

ထွက်ရှိသော ဇီဝဓာတ်ငွေ့ဖြင့် ထမင်းချက်ခြင်း၊ ဟင်းချက်ခြင်း၊ ရေနွေးတည်ခြင်းအပြင် ဝပ် ၆၀ (သို့မဟုတ်) ဝပ်၄၀ မီးသီးနှစ်လုံးဖြင့် အိမ်တစ်အိမ်တွင် တစ်ညလုံး မီးထွန်းထားနိုင်ကြောင်းနှင့်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ(ရန်ကုန်)တွင် ကြက်ဥမှ မြွေဆိပ်ဖြေဆေး သုတေသနပြုလုပ်မှုနှင့်စပ်လျဉ်း၍ လက်ထောက်စက်ရုံမှူး ဒေါက်တာအောင်ဇော် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ(ရန်ကုန်)တွင် သဘာဝစွန့်ပစ်ပစ္စည်းသုံး ဇီဝဓာတ်ငွေ့စွမ်းအင်ထုတ် ဓာတ်ပေါင်းအိုးမှ ထွက်ရှိသည့် ဇီဝဓာတ်ငွေ့ဖြင့် ပေါင်းအိုးအသုံးပြု၍ ထမင်းချက်နေမှု၊ မီးဖိုဖြင့် ရေနွေးအိုးတည်နေမှုတို့ကို တွေ့ရစဉ်။ (သတင်းစဉ်)

မှာကြား

ထို့နောက် ဝန်ကြီးချုပ်က တာဝန်ရှိသူများအား ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျွဲ၊ နွား ၅/၆ကောင်မွေးရုံဖြင့် ၎င်းတို့၏ စွန့်ပစ်ပစ္စည်းများမှ ထွက်ရှိလာသော ဇီဝဓာတ်ငွေ့ဖြင့် အိမ်ထောင်စုအလိုက် ထမင်း၊ ဟင်း ချက်ပြုတ်နိုင်ရုံသာမက အောက်လင်းမီးပါ အသုံးပြုနိုင်ကြောင်းကို ကျေးရွာ ဇီဝဓာတ်ငွေ့စွမ်းအင်ထုတ် ဓာတ်ပေါင်းအိုးများ တပ်ဆင်ခြင်း၊ အသုံးပြုပြီး စနစ်တကျရှိစေရေး ဆင့်ပွားသင်တန်းများ စီမံပေးရန် မှာကြားသည်။

လုံလုံလောက်လောက်ရနိုင်

အဆိုပါ သဘာဝစွန့်ပစ်ပစ္စည်းသုံး ဇီဝဓာတ်ငွေ့စွမ်းအင်ထုတ် ဓာတ်ပေါင်းအိုးကို အသုံးပြုရာတွင် နွားလေးကောင် လုံးဝဘေးအန္တရာယ်မရှိဘဲ အသုံးပြုနိုင်ကြောင်း သိရှိရသည်။

ကာကွယ်နိုင်

ထို့အပြင် ထွက်ရှိသော လျှံရည်ကို ဝက်စာ၊ ငါးစာအဖြစ် အသုံးပြုနိုင်သကဲ့သို့ စိုက်ခင်းများတွင် အသုံးပြုနိုင်ခြင်း၊ စဉ်းထားသော ကောက်ရိုး၊ ဖေဒါရိုးများ အပေါ် ပက်ဖျန်းပြီး ခုနစ်ရက်အကြာတွင် အစွမ်းထက်မြက်သော သဘာဝ ဇီဝမြေသြဇာအဖြစ် ရယူသုံးစွဲနိုင်ခြင်းတို့ကြောင့် ငွေကုန်သက်သာပြီး သီးနှံအထွက်တိုးစေသည့်အပြင် ထင်း၊ မီးသွေး၊ လောင်စာဆီနှင့် လျှပ်စစ်ဓာတ်အား မသုံးစွဲရခြင်းကြောင့် ငွေကုန်သက်သာပြီး စွမ်းအင်ချွေတာခြင်း၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုနည်းပါးခြင်းနှင့် သစ်တောပြုန်းတီးမှုများမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

သုတေသနပြုလုပ်

ယင်းနောက် ဝန်ကြီးချုပ်သည် ကြက်ဥမှ မြွေဆိပ်ဖြေဆေးကို သုတေသနပြုလုပ်မှုအား ကြည့်ရှုစစ်ဆေးရာ သုတေသနလုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်ကို လက်ထောက်စက်ရုံမှူး ဒေါက်တာအောင်ဇော်က ရှင်းလင်းတင်ပြပြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ဖြည့်စွက်မှာကြား

ထို့နောက် ဝန်ကြီးချုပ်သည် မြင်းသွေးမှ မြွေဆိပ်ဖြေဆေး ထုတ်လုပ်မှုများကို ကြည့်ရှုစစ်ဆေးရာ ဝန်ကြီးဦးအောင်သောင်းက ရှင်းလင်းတင်ပြပြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

လက်တွေ့ပြသ

ယင်းနောက် ဝန်ကြီးချုပ်သည် Instrumental Laboratory သို့ ရောက်ရှိပြီး ပြည်တွင်းသို့ တင်သွင်းလာသည့် နို့မှုန့်များတွင် မယ်လမင်းဓာတ်ပါဝင်မှု စမ်းသပ်စစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးရာ အမျိုးအစားစစ်ဆေးရေးနှင့် သုတေသနဌာန ဒုတိယစက်ရုံမှူး ဒေါ်အုံးရီက နို့မှုန့်များတွင် မယ်လမင်းဓာတ်ပါဝင်မှု ရှိ၊ မရှိကို ခေတ်မီစစ်ဆေး ကိရိယာများဖြင့် စနစ်တကျ စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး နို့မှုန့်များတွင် မယ်လမင်းဓာတ်ပါဝင်မှု စစ်ဆေးစမ်းသပ်ချက်ကို လက်တွေ့ပြသသည်။

လိုအပ်သည်များမှာကြား

ထို့နောက် ဝန်ကြီးချုပ်က တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားပြီး ညနေ ၃နာရီ၁၅မိနစ်တွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

၂၀၀၉ခုနှစ် အနုပညာဦးစီးဌာန ပြက္ခဒိန်ဝယ်ယူနိုင်

နေပြည်တော် အောက်တိုဘာ ၂၆

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက ထုတ်ဝေသည့် ၂၀၀၉ခုနှစ် (မြန်မာသက္ကရာဇ် ၁၃၇၀-၁၃၇၁ခုနှစ်) ပြက္ခဒိန်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

ထည့်သွင်းဖော်ပြ

ယင်းပြက္ခဒိန်အတွင်းကို ဂူဖရီးစက္ကူချောများဖြင့် စီစဉ်ပုံနှိပ်၍ ၁၂မျက်နှာ ၁၂ရွက် ခံ့ညားထည်ဝါစွာ ထုတ်ဝေထားပြီး ပြက္ခဒိန်တွင် အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ လုပသော မြန်မာ့ရိုးရာယဉ်ကျေးမှု ကကွက်ပုံများ၊ ရုံးပိတ်ရက်များ၊ ရက်ရာဇာ၊ ပြဿဒါးတို့ကို ပြည့်စုံထင်ရှားစွာ ထည့်သွင်းဖော်ပြထားသည်။

ဝယ်ယူနိုင်

အဆိုပါပြက္ခဒိန်ကို အနုပညာဦးစီးဌာန ရုံးအမှတ် (၃၅) ဖုန်း-၄၀၈၀၃၇၊ နေပြည်တော်နှင့် အမျိုးသားဇာတ်ရုံ(ရန်ကုန်) ဖုန်း-၃၉၅၁၅၇တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ(ရန်ကုန်)တွင်သဘာဝစွန့်ပစ်ပစ္စည်းသုံး ဇီဝဓာတ်ငွေ့စွမ်းအင်ထုတ် ဓာတ်ပေါင်းအိုးကို တွေ့ရစဉ်။

(သတင်းစဉ်)

အာဖဂန်နစ္စတန်၌ အကြမ်းဖက်မှုများပြားလာ မြို့တော်ကဘူးလ်၌ သုံးဦးပစ်သတ်ခံရ

ကဘူးလ် အောက်တိုဘာ ၂၆

အမည်မသိသေနတ်သမားများက အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တော်တွင် နိုင်ငံခြားသားနှစ်ဦးအပါအဝင် သုံးဦးကို သတ်ဖြတ်ကြောင်း ရဲတပ်ဖွဲ့က ကြေညာသည်။

ဖြစ်ပွား

ပစ်သတ်မှုမှာ ကမ္ဘာ့လှည့်ခရီးသည် လမ်းညွှန်ကုမ္ပဏီ ဒီအိတ်ချ်အယ်လ်ရုံးရှေ့တွင် ဖြစ်ပွားခြင်းဖြစ်ပြီး သေဆုံးသည့် နိုင်ငံခြားသားနှစ်ဦးမှာ ဂျာမန်များဖြစ်ကြောင်း သတင်းများအရ သိရသည်။

နိုင်ငံခြားသား အများအပြားနေထိုင်သည့်ဒေသ၌ ဖြစ်ပွားသည့် ပစ်ခတ်မှုတွင် အခြားနှစ်ဦးလည်း ဒဏ်ရာရရှိသွားသည်။

များပြား

ကဘူးလ်မြို့တော်တွင် ဩဂုတ်လအတွင်းက နိုင်ငံခြားသား အမျိုးသမီးနှစ်ဦးအား သတ်ဖြတ်မှုအပါအဝင် အာဖဂန်နစ္စတန်၌ အကြမ်းဖက်မှု ပိုမိုများပြားလာစဉ် ယခုကဲ့သို့ သတ်ဖြတ်ခံရခြင်းဖြစ်သည်။ **(အင်တာနက်)**



အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ ဖြစ်ပွားသော တိုက်ခိုက်မှုများတွင် သေဆုံးခဲ့သည့် မိသားစုဝင်များအတွက် ဝမ်းနည်းပက်လက် ငိုကြွေးနေစဉ်။
(အင်တာနက်ဓာတ်ပုံ)

လူသားချင်း စာနာမှုကင်းမဲ့သည့်စာချုပ် အလိုမရှိ အမေရိကန်တပ်များ အီရတ်မှ အမြန်ဆုံးထွက်သွား
ဘာဆာရာမြို့၌ ရှီးယိုက်တို့ ဆန့်ကျင်ကန့်ကွက်

ဘဂ္ဂဒက် အောက်တိုဘာ ၂၆

အီရတ်နိုင်ငံ ဘာဆာရာမြို့တောင်ပိုင်း၌ အောက်တိုဘာ ၂၅ရက်က ရာပေါင်းများစွာသော ရှီးယိုက်လူမျိုးများသည် အမေရိကန်တပ်များ အီရတ်၌ နောက်ထပ်သုံးနှစ်ဆက်နေရန် ဆွေးနွေးနေသည့် လုံခြုံရေးစာချုပ်ကို ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် ဆန္ဒပြခဲ့ကြသည်။**(အပေါ်ပုံ)**

လှည့်လည်ဆန္ဒပြ

ဆန္ဒပြသူများတွင် အီရတ်နိုင်ငံ၏ အကြီးဆုံးနိုင်ငံရေးပါတီကြီးဖြစ်သည့် အစ္စလမ္မစ် အီရတ်ကောင်စီမှ အဖွဲ့ဝင်များလည်းပါဝင်သည်။ အဆိုပါ ဆန္ဒပြသူများက လူသားချင်း စာနာမှုကင်းမဲ့သော သဘောတူညီချက်စာချုပ်အလိုမရှိ၊ အမေရိကန်တပ်များ အီရတ်မှအမြန်ဆုံး ထွက်သွားကြဟူသော စာတန်းပါဆိုင်းဘုတ်များကို ကိုင်ဆောင်ကြွေးကြော်ကာ လှည့်လည် ဆန္ဒပြခဲ့ကြသည်။

ကြီးထွားလာ

ယင်းစာချုပ်နှင့် ပတ်သက်၍ အီရတ်နိုင်ငံတစ်ဝန်း တင်းမာမှုများ ကြီးထွားလာလျက်ရှိချိန်တွင် ဒီဇင်ဘာ၃၁ရက် နောက်ဆုံးထားပြီး အီရတ်တို့ဘက်မှ သဘောတူညီချက်ကို အကြောင်းပြန်ရမည်ဟု ဆိုသည်။ ၎င်းစာချုပ်သည် အီရတ်မှ နိုင်ငံခြားတပ်ဖွဲ့များ ဒီဇင်ဘာလကုန်နောက်ဆုံးထားပြီး ထွက်ခွာပေးရမည်ဆိုသောစာချုပ်နှင့်အစားထိုးရန် အမေရိကန်တို့က ကြိုးစားနေခြင်း ဖြစ်သည်။ **(အင်တာနက်)**

အီရတ်ပိုလ်မှူးချုပ် ဗုံးခွဲတိုက်ခိုက်ခံရ၍ သေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၂၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ် အင်န်ဒါလပ်ရင်ပြင်အနီး၌ အောက်တိုဘာ ၂၅ရက်က ကားဗုံးခွဲတိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားစဉ်အတွင်း အီရတ်ဗိုလ်မှူးချုပ်တစ်ဦးနှင့် အီရတ်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပြောကြား

အဆိုပါကားဗုံးခွဲ တိုက်ခိုက်မှုနှင့် ပတ်သက်ပြီး အသေးစိတ်ကို ချက်ချင်းထုတ်ပြန်နိုင်ခြင်းမရှိသေးကြောင်း အီရတ်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ပေါက်ကွဲ

ဘဂ္ဂဒက်မြို့အခြားနေရာ၌ ထိုနေ့က လမ်းဘေးဗုံးတစ်လုံး ပေါက်ကွဲခဲ့သဖြင့် အီရတ်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး သုံးဦး ဒဏ်ရာရရှိသွားသည်။

(အင်တာနက်)

အစ္စရေးမြောက်ပိုင်း၌ လေယာဉ်ပျက်ကျ၍ လေးဦးသေဆုံး

ဂျေရုဆလင် အောက်တိုဘာ ၂၆

အစ္စရေးနိုင်ငံမြောက်ပိုင်းတွင် အောက်တိုဘာ ၂၄ရက်က လေယာဉ်တစ်စင်းပျက်ကျသဖြင့် လေးဦးသေဆုံးကြောင်း ဟားရက်ဇ်နေ့စဉ်သတင်းစာ၏ အင်တာနက် ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

စုံစမ်းစစ်ဆေး

ဆက်စနာ-၁၇၂ လေယာဉ်ငယ်ကို မောင်းနှင်သူ အမျိုးသမီးလေယာဉ်မှူးနှင့် ခရီးသည်သုံးဦး သေဆုံးသွားကြခြင်းဖြစ်ပြီး ယင်းကိစ္စအတွက် စုံစမ်းစစ်ဆေးနေသည်ဟုသိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တာလီဘန်ဆန့်ကျင်ရေး ကန့်ကွက်ဆန္ဒပြပွဲ ထောင်ပေါင်းများစွာသော ပြည်သူတို့တက်ရောက်

ကဘူးလ် အောက်တိုဘာ ၂၆

တာလီဘန်တို့၏ လုပ်ကြံသတ်ဖြတ်ခံရသည့် ဒေသခံအာဖဂန်ပြည်သူများ သေဆုံးမှုအတွက် အာဖဂန်နစ္စတန်အရှေ့ပိုင်း လက်ခမန်းမြို့၌ ထောင်ပေါင်းများစွာသော ပြည်သူတို့က ဆန္ဒပြကန့်ကွက်ကြသည်။

သေဆုံး

တာလီဘန်တို့ လုပ်ကြံသတ်ဖြတ်မှုကြောင့် လူငယ်လူရွယ် ၂၇ဦးခန့် သေဆုံးပြီး အချို့မှာ ခေါင်းဖြတ်ထားသည်ကို တွေ့ရသည်ဟု ဆိုသည်။

ပြောကြား

ယခုအသတ်ခံရသူများမှာ တပ်သားသစ်များဖြစ်သည်ဟု တာလီဘန်တို့က ပြောကြားသည်။ သို့သော် ဒေသခံပြည်သူများကမူ အသတ်ခံရသူများမှာ ၎င်းပြည်နယ်မှ အီရန်နိုင်ငံသို့ အလုပ်ထွက်ရှာသည့် လူငယ်များဖြစ်သည်ဟု ဆိုသည်။ **(အင်တာနက်)**

မက္ကဆီကို၌ ပစ်ခတ်မှုဖြစ်ပွား

မက္ကဆီကိုစီးတီး အောက်တိုဘာ ၂၆

မက္ကဆီကိုနိုင်ငံတောင်ပိုင်း ဆိုနိုရာပြည်နယ်၌ အောက်တိုဘာ ၂၅ရက်က ရဲတပ်ဖွဲ့ဝင်များက ကားတစ်စီးကို စစ်ဆေးရှာဖွေရာမှ ပစ်ခတ်မှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။

ထိခိုက်

ယင်းပစ်ခတ်မှု၌ သေနတ်သမား ၁၀ဦး သေဆုံးပြီး ရဲတပ်ဖွဲ့ဝင်သုံးဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့သည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ကားများအား ရှင်းလင်းရေး လုပ်ငန်းဆောင်ရွက်လျက်ရှိသည်ကို အောက်တိုဘာ ၂၆ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ကွန်ဂိုနိုင်ငံ၌ တိုက်ပွဲပြန်လည်ဖြစ်ပွား ပြည်သူ နှစ်သိန်းခန့် အိုးအိမ်များစွန့်ခွာကြရ

ဂျီနီဗာ အောက်တိုဘာ ၂၆

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ အရှေ့ပိုင်းတွင် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားလာသည့်အတွက် နှစ်လအတွင်း ပြည်သူ၂၀၀၀၀၀ခန့် အိုးအိမ်စွန့်ခွာ ထွက်ပြေးကြရကြောင်း ကုလသမဂ္ဂက ကြေညာသည်။

ထက်ဝက်မျှနည်းပါး

ကုလသမဂ္ဂ၏ စောစောပိုင်းကြေညာချက်တွင် အိုးအိမ်စွန့်ခွာထွက်ပြေးသူ ဦးရေမှာ ထက်ဝက်မျှ နည်းပါးသည်ကို တွေ့ရသည်ဟု ဆိုသည်။

ကြေညာ

သင်းကွဲဗိုလ်ချုပ် လောရင့်အင်ကွန်ဒါအား သစ္စာခံသူများနှင့် အစိုးရတပ်တို့ တိုက်ပွဲဖြစ်သည့်နိုင်ငံအရှေ့ပိုင်းတွင် စိုးရိမ်စရာ ပိုများလာသည်။ ၂၀၀၇ခုနှစ်မှစ၍ ကီဗူးဒေသအတွင်း၌ အိုးအိမ်စွန့်ခွာထွက်ပြေးရသူ နှစ်သန်းအထိရှိမည်ဟု ယူဆရကြောင်း ကုလသမဂ္ဂက ကြေညာသည်။ **(အင်တာနက်)**



ရခိုင်ပြည်နယ် ကျောက်တော်မြို့ ဇီးချောင်းရေလှောင်တမံ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၆

ရခိုင်ပြည်နယ် စစ်တွေခရိုင် ကျောက်တော်မြို့၌ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၂၁ရက် နံနက်ပိုင်းက ကျောက်တော်မြို့ရှိ နယ်မြေခံတပ်ရင်းသို့ သွားရောက်၍ စစ်သည်မိသားစုဝင်များအား ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ဇီးချောင်းရေလှောင်တမံ စီမံကိန်းကို ကြည့်ရှုစစ်ဆေးသည်။(အပေါ်ပုံ)

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့သည် မြောက်ဦးမြို့နယ် နန်းကျားကျေးရွာအုပ်စုရှိ တောင်သူဦးကျော်သာဦး၏ စံပြ ၄ဒသမ၃ဧကအတွင်း ရေဆင်း(၃)မိုးစပါး စံကွက်၌ လက်တွန်းထွန်စက်ဖြင့် ထွန်ယက်နေမှု၊ စပါးရိတ်သိမ်း ခြွေလှေ့နေမှုတို့ကို လည်းကောင်း၊ မင်းပြားမြို့နယ် နရမ်းကျေးရွာအုပ်စုရှိ တောင်သူ ဦးဖိုးခိုင်၏ စံပြနှစ်ဧက၌ ရေဆင်းလုံးသွယ် မိုးစပါး စံကွက်ရိတ်သိမ်း ခြွေလှေ့နေမှုတို့နှင့်အထွက်နှုန်းကောင်းသည့် မြေပဲ၊ ဆီး၊ မုန်ညင်း၊ နေကြာ၊ ပန်းနှမ်းနှင့် မတ်ပဲမျိုးစေ့များ ခင်းကျင်းပြသထားမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထောက်ပံ့ပစ္စည်းပေးအပ်

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်သည် မင်းပြားမြို့နယ် ရာမောင်ကြိုးတံတားသို့ သွားရောက်၍ တံတား၏ကြံ့ခိုင်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မြေပုံမြို့နယ်ရှိ နယ်မြေခံတပ်၌ စစ်သည်မိသားစုဝင်များအား တွေ့ဆုံကာ ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့သည် မြေပုံမြို့ မိုင်တိုင်အမှတ်(၅၃/၀) အနီးရှိ ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ရန်ကုန်-စစ်တွေ လမ်းအပိုင်း(၁) တာဝန်ခံ အင်ဂျင်နီယာမှူး ဦးအုန်းလွင်က အမ်း-ကြာအင်းတောင် အပိုင်း(မိုင် ၀/၀-၇၁/၄) ၇၁မိုင် လေးဖာလုံအတွင်းရှိ လမ်းပိုင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြ၍ ဗိုလ်ချုပ်ခင်ဇော်က တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားပြီး ယောချောင်းတံတား၏ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ အမ်းမြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

မူလတန်းကြို ဆရာမများ အရည်အသွေးမြှင့်တင်ရေး သင်တန်းဆင်း

ရန်ကုန် အောက်တိုဘာ ၂၆

ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သော မူလတန်းကြိုဆရာမများ အရည်အသွေးမြှင့်တင်ရေး သင်တန်းဆင်းပွဲကို အောက်တိုဘာ ၂၄ရက် နံနက် ၉နာရီက သန်လျင်မြို့ရှိ ရှင်စောပုခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းအမှာစကား

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြင်မြိုင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းမြင့်က ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ ၂၄၈၃စောင်ကို တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်သည်။ ယင်းနောက် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြင်မြိုင်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ရာ သင်တန်းသူတစ်ဦးက လက်ခံယူသည်။

တက်ရောက်

အဆိုပါသင်တန်းသို့ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မူကြိုကျောင်းများမှ သင်တန်းသူ ၂၀ တက်ရောက်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် အောက်တိုဘာ ၁၇ရက်က ယင်းမာပင်မြို့ အမျိုးသမီးအိမ်တွင်းသက်မွေးလုပ်ငန်းပညာသင်တန်း ကျောင်းသို့ရောက်ရှိကာ သင်တန်းသူများအား ပြည်ထောင်စုစိတ်ဓာတ်သင်ခန်းစာ ပို့ချပေးစဉ်။ (မြို့နယ်စည်ပင်)

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ထိုင်းနိုင်ငံမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၆

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား ထိုင်းနိုင်ငံ Forest Industry Organization မှ Deputy Managing Director, Mr. Amnart Khampalikit နှင့် ပုဂ္ဂလိကစီးပွားရေး ကျွန်းစိုက်ခင်းများ လေ့လာရေးအဖွဲ့ဝင်များသည် အောက်တိုဘာ ၂၄ရက် နံနက် ၁၀နာရီက နေပြည်တော်ရှိ ဝန်ကြီးရုံးစည်းဝေးခန်းမသို့ လာရောက်တွေ့ဆုံသည်။

သွားရောက်လေ့လာ

အဆိုပါ ထိုင်းနိုင်ငံ လေ့လာရေးအဖွဲ့ဝင်များသည် အောက်တိုဘာ ၂၂ရက်နှင့် ၂၃ရက်များတွင် ဧရာဝတီတိုင်း ကြံခင်း၊ မြန်အောင်နှင့် ပဲခူးတိုင်း ပြည်၊ ပေါက်ခေါင်းမြို့နယ်များ၌ ဖြိုးစည်သူကုမ္ပဏီမှ တည်ထောင်ထားသော ပုဂ္ဂလိကပိုင် စီးပွားရေး ကျွန်းစိုက်ခင်းများကို သွားရောက်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား ထိုင်းနိုင်ငံ Forest Industry Organization မှ Deputy Managing Director Mr. Amnart Khampalikit နှင့်အဖွဲ့ဝင်များ လာရောက်တွေ့ဆုံစဉ်။ (သစ်တော)

နိုင်ငံတစ်ဝန်း အခြေခံပညာကျောင်းများအားလုံး ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးနေ့လှုပ်ရှားမှုများ တစ်ပြိုင်တည်း ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၆

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်းသည် ယမန်နေ့ နံနက်ပိုင်းက နေပြည်တော် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ ကျောင်းအဆောက်အအုံများ၊ စာသင်ခန်းများ၊ ကျောင်းအိမ်သာများ သန့်ရှင်းရေး၊ ကျောင်းအဝင်အထွက်လမ်းများ ညီညာပြေပြစ်ရေး၊ သစ်ပင်ပန်းပင်၊ ပန်းခြံနှင့် အားကစားကွင်းများ သန့်ရှင်းသာယာလှပတင့်တယ်ရေး၊ သောက်သုံးရေများသန့်ရှင်းစွာ သိုလှောင်သုံးစွဲရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေးစသည့် ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု အားပေးသည်။ **(အပေါ်ပုံ)**

ပညာရေးပြက္ခဒိန် လုပ်ငန်းစဉ်အရ နှစ်စဉ် အောက်တိုဘာလနောက်ဆုံး သီတင်းပတ်၏ (စနေနေ့)ကို ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးနေ့အဖြစ် သတ်မှတ်ထားရာ နိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာ ကျောင်းများအားလုံးတွင် ယမန်နေ့ နံနက်ပိုင်းက ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးနေ့ လှုပ်ရှားမှုများကို တစ်ပြိုင်တည်း ဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥတုရာသီ တောကိုမှီ၏။

ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် မုဒုံမြို့နယ်၌ အာစရိယပူဇော်

မုဒုံ အောက်တိုဘာ ၂၆

မုဒုံမြို့ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို အောက်တိုဘာ ၅ရက် နံနက် ၁၀နာရီက အထက(၁) ရှင်အရဟံခန်းမ၌ ကျင်းပသည်။

ပူဇော်ကန်တော့

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ကိုယ်စား အလကဗိုလ်တေဇမှ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ညွန့်က နှုတ်ခွန်းဆက်စကားပြောကြားသည်။**(အောက်ပုံ)**

ဆက်လက်၍ အပူဇော်ခံ ဆရာကြီး ဆရာမကြီး စုစုပေါင်း ၁၂၃ဦးတို့အား အသက်(၈၀)နှင့်အထက် တစ်ဦးလျှင် ငွေကျပ် ၁၃၀၀၀ကျပ်၊ အသက်(၇၀)နှင့်အထက်တစ်ဦးလျှင် ငွေကျပ် ၁၁၀၀၀ကျပ်၊ အသက်(၆၀)နှင့်အထက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ကျပ်ဖြင့် ပူဇော်ကန်တော့ကြသည်။

တက်ရောက်

အခမ်းအနားသို့ အထက၊ အလက၊ အမက ကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ တက်ရောက်ပူဇော်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အနုပညာဦးစီးဌာန ထက်အာကာရုပ်စုံသဘင်အဖွဲ့ ထွေးညိုရုပ်စုံသဘင်ပြဇာတ် သရုပ်ပြတင်ဆက်

နေပြည်တော် အောက်တိုဘာ ၂၆

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ထက်အာကာရုပ်စုံသဘင်အဖွဲ့၏ ထွေးညိုရုပ်စုံသဘင်ပြဇာတ် သရုပ်ပြတင်ဆက်ကပြဖျော်ဖြေမှုကို ယမန်နေ့ည၇နာရီက ရွာတော်ရှိ အမှတ်(၇)တည်းခိုရေးသင်တန်းခန်းမဆောင်၌ ကျင်းပသည်။

အဆိုပါ တင်ဆက်ပွဲသို့ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်၊ ဒုတိယဥက္ကဋ္ဌယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် ဇနီး၊ ဗဟိုရုပ်သေးအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှအကဲဖြတ်ပညာရှင်များ၊ အုပ်ချုပ်သူများ၊ ရုပ်စုံသဘင်နှင့် ရုပ်သေးပြိုင်ပွဲဝင်များနှင့် ပရိသတ်များက ကြည့်ရှုအားပေးကြသည်။

သရုပ်ပြတင်ဆက်ပွဲအပြီးတွင် တာဝန်ရှိသူများ၊ ဗဟိုနှင့်ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များက ထွေးညိုရုပ်စုံသဘင်သရုပ်ပြတင်ဆက်မှုအပေါ် သုံးသပ်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့ နှစ်ပတ်လည်ညီလာခံကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၆

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို) အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့၏ (၁၀)ကြိမ်မြောက် ဗဟိုညီလာခံဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၉ရက် နံနက် ၇နာရီခွဲတွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် ဆေးနှင့်ဆေးပစ္စည်းပြခန်းများ ဖွင့်လှစ်ပြသလိုပါက ဥက္ကဋ္ဌဒေါက်တာကြည်ဖေ(အရိုးကု) ဖုန်း-၀၄၂-၂၄၂၈၂၊ အတွင်းရေးမှူး ဒေါက်တာစစ်တင် (ထွေ/ကု) ဖုန်း-၀၄၂-၂၄၄၂၅၊ တွဲဖက်အတွင်းရေးမှူးဒေါက်တာမင်းဆောင် (ထွေ/ကု)ဖုန်း-၀၄၂-၂၄၂၈၀တို့သို့ ဆက်သွယ်နိုင်သည်။ **(သတင်းစဉ်)**

အခမွေ

* ရိုးရာကိုမြှင့်၊ စင်မြင့်သဘင်
ဆင်ယင်ကျင်းပ၊ ဆို-က-ရေး-တီး
ပွဲတော်ကြီးသည်၊ ခရီးပေါက်မြောက်
ဆယ့်ခြောက်နှစ်ရောက်၊ တောက်ပရွှန်းလက်
မျိုးဆက်အမွေ၊ ပေးဝေလက်ကမ်း
ပွင့်သစ်ပန်းတို့၊ လန်းဆန်းအလှ
တင့်တယ်စွပင်၊ မွေးမြူသင်းထုံ
ရောင်စုံရောယှက်၊ ပွင့်ခက်ပွင့်လက်
ပင်စည်ထက်တွင်၊ မက်မောဖွယ်ရာ
အလှဖြာသည်၊ မြန်မာအက
ဂုဏ်တင့်စွ။
* မြန်မာ့ဇာတ်သဘင်၊ အလျဉ်စီးဆင်း
မယွင်းမပျက်၊ ရှင်သန်လျက်ပင်
ဇာတ်ကွက်ဇာတ်လမ်း၊ အလွမ်းအသော
အပြောအဆို၊ အငိုအရှိုက်
စရိုက်သဘာဝ၊ အကယုတ္တိ။
ရင်ကိုထိပြီး၊ ပွဲကြည့်သူအား
ဖမ်းစားညှို့ငင်၊ ဇာတ်လမ်းဆင်၍
သဘင်တစ်ခေတ်၊ ဖြစ်ထွန်းသစ်ခဲ့
ပြည်သူချစ်သော အနုပညာ။
* ဆိုရပါလျှင်၊ သဘင်စင်မြင့်
မျိုးဂုဏ်တင့်ခဲ့၊ အဆင့်ဆင့်ပြောင်း
အဟောင်းထဲမှာ၊ အကောင်းရှာခဲ့
စဉ်လာကိုချစ်၊ ထုဆစ်မွမ်းမံ
အသစ်ဖန်တီး၊ ကြီးမားတန်ဖိုး
မျိုးရိုးဇာတိ၊ အမှန်ရှိသော
မိခင်အနုပညာ၊ ဆက်ခံလာခဲ့
ကမ္ဘာတည်မျှ၊ ရှည်ကြာရမည်
မြန်မာ့အမွေ၊ ခိုင်ခံ့နေဆဲ
ဒို့ဇာတ်ပွဲ။ ။

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကြီးအားဂုဏ်ပြုလျက်-

ကေတုနီလာ

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

နောက်ဆုံးနေ့ပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပပြီးစီး

နေပြည်တော် အောက်တိုဘာ ၂၆

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ နောက်ဆုံးနေ့ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ရေဆင်းတက္ကသိုလ်နယ်မြေရှိ သတ်မှတ်နေရာအသီးသီးတို့၌ အောင်မြင်စွာကျင်းပပြီးစီးသည်။

အဆိုပါပြိုင်ပွဲများသို့ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့်၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်များနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမပညာကို ချစ်မြတ်နိုးသော ပြည်သူများနှင့် လေ့လာရေးအဖွဲ့ဝင်တိုင်းရင်းသား၊ တိုင်းရင်းသူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ရာဟုလာအမွေတောင်းခန်း ကွက်စိပ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်မှ ဦးမိုးတိမ်က ပန်တျာတင်ဝင်းလှိုင် ပုံ့ပိုးဆိုင်းအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း၊ ဧရာဝတီတိုင်းမှ ဦးမြအေးက ကိုကိုဇော်ပုံ့ပိုးဆိုင်းအဖွဲ့နှင့် တွဲဖက်၍ လည်းကောင်း၊ မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းမှ ဦးသန်းစိန်က စိန်ကျည်ဆံပုံ့ပိုးဆိုင်းအဖွဲ့နှင့် တွဲဖက်၍ လည်းကောင်း၊ ပဲခူးတိုင်းမှ ဦးမင်းညွန့်က တံခွန်မြဖင်အောင်ပုံ့ပိုးဆိုင်းအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း ဟောပြောပြိုင်ပွဲဝင်ကြသည်။

အဆိုပြိုင်ပွဲ

ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား မဟာဂီတ အဆိုပြိုင်ပွဲနှင့် အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀) အမျိုးသမီး မဟာဂီတပြိုင်ပွဲတို့ကို နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းမှ မောင်သန်းမြတ်စိုး၊ ကရင်ပြည်နယ်မှ မောင်တင်ကိုကိုလွင်၊ မန္တလေးတိုင်းမှ ဦးနန်းလှိုင်၊ ရန်ကုန်တိုင်းမှ ဦးချမ်းမြွေ၊ ဧရာဝတီတိုင်းမှ ဦးအောင်ကိုသက်၊ ကချင်ပြည်နယ်မှ ဦးလှအောင်၊ ရန်ကုန်တိုင်းမှ ဦးထိန်လင်းအောင်၊ ရှမ်းပြည်နယ်မှ စိုင်းညီမင်း၊ ပဲခူးတိုင်းမှ မောင်မြင့်ကြည်နှင့် မန္တလေးတိုင်းမှ ဦးပြေငွေးတို့က **"ဖြေနိုင်ပေါင်"**(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက် (၁၅)နှစ်မှ (၂၀) အမျိုးသမီး မဟာဂီတ အဆိုပြိုင်ပွဲ၌ မန္တလေးတိုင်းမှ မဟိန်းထက်၊ ပဲခူးတိုင်းမှ မပပဝင်းဖြူ၊ ရန်ကုန်တိုင်းမှ မဝင်းကေခိုင်၊ စစ်ကိုင်းတိုင်းမှ မနှင်းနှင်းအောင်၊ မန္တလေးတိုင်းမှ မပန်းအိ၊ မွန်ပြည်နယ်မှ မသီဂီဝင်း၊ ကချင်ပြည်နယ်မှမကြည်ကြည်ဝါ၊ ချင်းပြည်နယ်မှ မဗန်ရွှေးမွေး၊ ရခိုင်ပြည်နယ်မှ မဦးခင်သိန်းနှင့် ရန်ကုန်တိုင်းမှ မယဉ်မွန်တို့က **"ဆယ်ဆယ်ရောက်"** (ဒိန်းသံ) သီချင်းဖြင့် သီဆိုပြိုင်ပွဲဝင်ကြသည်။

အသက်(၅)နှစ်မှ (၁၀)အထိ အခြေခံပညာအဆင့် အမျိုးသမီး ပတ္တလား အတီးပြိုင်ပွဲတွင် ပဲခူးတိုင်းမှ မခိုင်ဇာဝင်း ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီး ဆိုင်းအဖွဲ့လိုက် ပြိုင်ပွဲတွင် မန္တလေးတိုင်းမှ ဒေါ်ခင်သစ်လွင်အဖွဲ့ ပါဝင် ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

မယ်ဒလင်အတီးပြိုင်ပွဲ

ဝါသနာရှင်(ဒုတိယတန်း) အမျိုးသား မယ်ဒလင်အတီးပြိုင်ပွဲကို နံနက်၉နာရီတွင် သစ်တောသုတေသန စုဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းမှ ဦးပြေငွေး၊ ဧရာဝတီတိုင်းမှ ဦးအေးမင်းသန်း၊ မန္တလေးတိုင်းမှ ဦးရဲတင့်၊ မွန်ပြည်နယ်မှမောင်ဝင်းထွဋ်၊ ချင်းပြည်နယ်မှ ဦးထွန်းနိုင်ဦး(ခ)မောင်ဖောင်း၊ ရန်ကုန်တိုင်းမှ ဦးငွေဝင်းနှင့် ဦးသန်းနိုင်၊ ကချင်ပြည်နယ်မှ မောင်လှိုင်မိုး၊ ရခိုင်ပြည်နယ်မှ ဦးအောင်နိုင်ဝင်း၊ ပဲခူးတိုင်းမှ ဦးလှမြင့်၊ တနင်္သာရီတိုင်းမှ မောင်ကျော်ထက်အောင်နှင့် မကွေးတိုင်းမှ ဦးကျော်ဆွေတို့က **"သုဝဏ္ဏသာမ"** (ကာလပေါ်) သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် ဝါသနာရှင် (ဒုတိယတန်း) အမျိုးသမီး မယ်ဒလင်အတီး ပြိုင်ပွဲကို ကျောင်းပရာ ရန်ကုန်တိုင်းမှ မနွေဇင်ဝင်း၊ ချင်းပြည်နယ်မှ မငုဝါထွန်း၊ ရန်ကုန်တိုင်းမှ မအေးအေးကျော်၊ မကွေးတိုင်းမှ ဒေါ်နီလာ၊ ရခိုင်ပြည်နယ်မှ နန်းရွက်နုနှင့် ပဲခူးတိုင်းမှ မဖြူနှင်းဝေတို့က **"သုဝဏ္ဏသာမ"** (ကာလပေါ်) သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် အဆင့်မြင့်ပညာအဆင့် အမျိုးသား မယ်ဒလင် အတီးပြိုင်ပွဲကို ကျင်းပရာ မန္တလေးတိုင်းမှ မောင်ဘုန်းဝင့်ထက်၊ ရခိုင်ပြည်နယ်မှ မောင်နိုင်လင်းအောင်၊ ပဲခူးတိုင်းမှ မောင်ကိုကိုဝင်းနှင့် ဧရာဝတီတိုင်းမှ မောင်သန့်ဇင်တို့က **"မြိုင်ဟေမာ"** (ယိုးဒယား) သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

ယင်းနောက် အဆင့်မြင့်ပညာအဆင့် အမျိုးသမီး မယ်ဒလင်အတီး ပြိုင်ပွဲကို ကျင်းပရာ ရန်ကုန်တိုင်းမှမဆုလဲ့ရည်တင်နှင့်မရူပါအောင်လွင်တို့က **"ဘုန်းမိုးရွာစွေ"** (ကြိုး) သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

ပတ္တလားအတီးပြိုင်ပွဲ

အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ပတ္တလားအတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းမှ မောင်ရဲမင်းဟန်၊ မန္တလေးတိုင်းမှ မောင်အောင်ဗိုလ်မင်း၊ ကယားပြည်နယ်မှ မောင်ဝင်းကိုကိုဦး၊ ရန်ကုန်တိုင်းမှ မောင်မျိုးဇော်ဟိန်း(ခ) မျိုးဇော်အောင်၊ ဧရာဝတီတိုင်းမှ မောင်လွင်ကိုကိုဦး၊ မန္တလေးတိုင်းမှ မောင်မျိုးသူနှင့် ပဲခူးတိုင်းမှ မောင်ဇော်ဇော်နိုင်တို့က **"ရွှေဘုန်းရွှေဘုန်း"** (တော်လေသည့်) သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် (အမျိုးသမီး) ပတ္တလားအတီးပြိုင်ပွဲ၌ ရှမ်းပြည်နယ်မှ မဆုမြတ်မိုးသိမ်း၊ ပဲခူးတိုင်းမှ မခိုင်ဇာဝင်း၊ မန္တလေးတိုင်းမှ မရွှေရည်လဲ့လဲ့ဦး၊ စစ်ကိုင်းတိုင်းမှ မငွေးယုအောင် (ခ) ရွှေရည်စန်းလွင်၊ ဧရာဝတီတိုင်းမှ မဝါဝါဝင်းရွှေလှိုင်၊ မကွေးတိုင်းမှ မနှင်းအိလှိုင်၊ ရန်ကုန်တိုင်းမှ မရွှန်းလဲ့ဝေနှင့် မသဲအိအိသွယ်တို့က **"ထွေတလာ"** (ကြိုး) သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

အဆင့်မြင့်ပညာအဆင့် အမျိုးသမီးဆိုင်း (အဖွဲ့လိုက်) အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းမှ မသီသီအောင်မင်းနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မအေးနန္ဒာဝင်းနှင့်အဖွဲ့၊ ဧရာဝတီတိုင်းမှ မခင်မာစန်းနှင့်အဖွဲ့နှင့် မွန်ပြည်နယ်မှ မရွှေမိမိအောင်နှင့် အဖွဲ့တို့ တီးခတ် ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးဆိုင်း (အဖွဲ့လိုက်) အတီးပြိုင်ပွဲကို ကျင်းပရာ ရန်ကုန်တိုင်းမှ မလှလှဌေးအဖွဲ့နှင့် မန္တလေးတိုင်းမှ ဒေါ်ခင်သစ်လွင်နှင့်အဖွဲ့တို့သည် လည်းကောင်း၊ အခြေခံပညာအဆင့် အသက် (၁၅)နှစ်မှ (၂၀) အမျိုးသမီးဆိုင်း (အဖွဲ့လိုက်) ပြိုင်ပွဲ၌ မန္တလေးတိုင်းမှ မခင်ခင်ဘိုအဖွဲ့၊ ရန်ကုန်တိုင်းမှ မဝင့်သဥ္ဇာစတင်းအဖွဲ့နှင့် ရန်ကုန်တိုင်းမှ မအေးမြတ်နိုးခင်အဖွဲ့တို့သည်လည်းကောင်း တီးခတ်ပြိုင်ပွဲဝင်ကြသည်။ **(သတင်းစဉ်)**

* ရင်သွေးငယ်များ ကျန်းမာဖို့ အကောင်းဆုံးသည် မိခင်နို့။
* မိခင်နို့ဖြင့် မလုံလောက်လျှင် နွားနို့၊ ဆိတ်နို့အသုံးဝင်။
* အစဉ်ကျိုးချက် တိုက်ကျွေးပေး အသင့်မြတ်ဆုံး ကျန်းမာရေး။

ကမ္ဘာ့လက်ဆေးပွဲနေ့ အထိမ်းအမှတ်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၆

ကျန်းမာရေးဝန်ကြီးဌာန ဗဟိုကျန်းမာရေးပညာဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ၂၀၀၈ခုနှစ် ကမ္ဘာ့လက်ဆေးပွဲနေ့ အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ၁၅ရက် နံနက်ပိုင်းက ဧရာဝတီတိုင်း ဖလွန်မြို့နယ် မေရီလန်းကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာန၌ ကျင်းပသည်။

သရုပ်ပြ

အခမ်းအနားတွင် ဖလွန်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးနှင့်ဗဟိုကျန်းမာရေးပညာဌာနမှ တာဝန်ရှိသူများက ကမ္ဘာ့လက်ဆေးပွဲနေ့ အထိမ်းအမှတ် ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားကြပြီး လက်ကိုဆပ်ပြာဖြင့် စနစ်တကျဆေးကြောနည်းကို သရုပ်ပြသသည်။

စနစ်တကျဆေးကြော

ထို့နောက် ကျေးရွာသူ ကျေးရွာသားများက လက်ကို စနစ်တကျဆေးကြောခြင်းအား စုပေါင်းပြုလုပ်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

27-10 (06).pmd 1 10/27/2008, 3:51 AM

တိုင်းရင်းသားပေါင်းစုံတူယှဉ်တွဲ ဝှဲချီးဆင်နွှဲ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

သတင်းခရီးသည်-မောင်မောင်မြင့်ဆွေ ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု-ဉာဏ်ဖြိုး

"တိုင်းရင်းသား ညီအစ်ကို မောင်နှမတွေ ဆိုကြ၊ ကကြ၊ တီးမှုတ်ကြနဲ့ ဆုံတွေ့ရတာ ပျော်စရာကောင်းပါတယ်"
ဦးသန်းကို
(ကယားပြည်နယ် လေ့လာရေးအဖွဲ့ဝင်)

နေပြည်တော် အောက်တိုဘာ ၂၆ **(ဖက်စ်)**

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ ယှဉ်ပြိုင်မှုပွဲစဉ်များပြီးဆုံးခဲ့ပြီ။ အောက်တိုဘာ ၂၆ရက်က နောက်ဆုံးယှဉ်ပြိုင်ခဲ့သော ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သူများနှင့် ပြည်နယ်နှင့်တိုင်းအသီးသီးမှ လေ့လာရေးအဖွဲ့ဝင်များ၏ ခံစားချက်အချို့ကို စုစည်းဖော်ပြလိုက်ရပါသည်-

မဆွီးငွန်မွေး

(ချင်းပြည်နယ်မှ လေ့လာရေးအဖွဲ့ဝင်)

"ဇာတိက ချင်းပြည်နယ် ဟားခါးမြို့ ဖြစ်ပါတယ်။ လေ့လာရေးအဖွဲ့ဝင်အဖြစ်နှစ်ကြိမ်ရှိပါပြီ။ နေပြည်တော်မှာ ကျင်းပ

"ဖူးစာပိုင် သီချင်းနဲ့ သီဆိုပြိုင်ပွဲဝင်ခဲ့တာပါ"
မသဇင်ခိုင်
(ကရင်ပြည်နယ်)

တဲ့ ပြိုင်ပွဲကိုတော့ ဒီနှစ်မှ စတင်ရောက်ရှိခဲ့ဖြစ်ပါတယ်၊ ရန်ကုန်မှာ ကျင်းပတာနဲ့ နေပြည်တော်မှာ ကျင်းပတာကွာခြားတယ်၊ ဒီမှာက ပြိုင်ပွဲဝင်တွေအတွက် စိတ်အေးချမ်းသာစွာနဲ့ ယှဉ်ပြိုင်နိုင်တဲ့ ပတ်ဝန်းကျင်ရှိတာ တွေ့ရတယ်။ ကျွန်မတို့လေ့လာရေးအဖွဲ့ဝင်တွေအတွက်လည်း စိတ်တိုင်းကျအချိန်ယူ လေ့လာလို့ရတယ်။ နေပြည်တော်ဟာ ကျွန်မတို့ထင်တာထက် အများကြီးဖွံ့ဖြိုးစည်ကားနေတာတွေ့ရတော့ အံ့သြရပါတယ်။ မော်တော်ကားလမ်း တွေကလည်း အကျယ်ကြီးဆိုတော့ သွားလာရတာ အဆင်ပြေတာပေါ့။ ပြိုင်ပွဲဝင်ကလေးတွေလည်း အရင် ကျွန်မမြင်တွေ့ခဲ့တဲ့ ပြိုင်ပွဲထက် အခုပြိုင်ပွဲတွေက ပိုတော်လာကြတယ်။ ဒီပြိုင်ပွဲကြီးဟာ နိုင်ငံတော်အတွက် လုပ်သင့်လုပ်ထိုက်တဲ့ပွဲလို့မြင်ပါတယ်"

မမေသူဝင်း

(ကချင်ပြည်နယ်မှလေ့လာရေးအဖွဲ့ဝင်)

"မြစ်ကြီးနားမြို့ဇာတိပါ။ လေ့လာရေးအဖွဲ့ဝင်အဖြစ် ပထမဆုံး လာရောက်ခြင်းဖြစ်ပါတယ်။ ဒီရောက်တော့ အရင် ရုပ်မြင်

"ပြိုင်ပွဲဝင် ကလေးငယ်တွေ အရွယ်နဲ့မလိုက်အောင် တော်ကြတာ အံ့သြဖို့ ကောင်းပါတယ်"
မမေသူဝင်း
(ကချင်ပြည်နယ် လေ့လာရေးအဖွဲ့ဝင်)

၁၉ဦးပါဝင်တာမို့ စုစုပေါင်း၂၉ဦး လာရောက်လေ့လာခွင့် ရရှိခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီပြိုင်ပွဲကို လာရောက်လေ့လာခွင့်ရတာ ပထမဆုံးအကြိမ်ပါပဲ။ အမှန်အတိုင်းပြောရရင် ဒီလိုခမ်းခမ်းနားနားနဲ့ ကျင်းပလိမ့်မယ်လို့ မထင်မိပါဘူး။ ကိုယ်တိုင်ရောက်

သံကြားနဲ့ သတင်းစာတွေထဲမှာသာ မြင်တွေ့ဖတ်ရှုခဲ့ရတာထက် ပြိုင်ပွဲတွေ ပိုပြီးခမ်းနားတာတွေ့ရတယ်။ ပြိုင်ပွဲဝင်နေတာတွေလည်း အကြိုက်အနယ်နဲ့ ပျော်စရာလည်းကောင်းတယ်။ တချို့ ပြိုင်ပွဲဝင် ကလေးငယ်တွေကအရွယ်နဲ့မလိုက်အောင် တော်ကြတာ အံ့သြဖို့ ကောင်းစရာပါပဲ။ ဒီပြိုင်ပွဲကြီးမှာ ပြည်နယ်နှင့်တိုင်း အသီးသီးက လာရောက်ပြိုင်ပွဲဝင်နေကြတဲ့ မောင်နှမတွေကို ကြည့်ပြီး စိတ်ထဲ ကြည်နူးရပါတယ်။ ကျွန်မတို့လေ့လာရေးအဖွဲ့ဝင်တွေကို အစစအရာရာ လိုအပ်ချက်မရှိအောင် ဖြည့်ဆည်းဆောင်ရွက်ပေးတာကိုလည်း ကျေးဇူးတင်လို့မဆုံးပါဘူး။ နောက်နှစ် ပြိုင်ပွဲတွေမှာလည်း လာရောက်ပြိုင်ပွဲဝင်ဖြစ်အောင် ကြိုးစားပါမယ်"

ဦးသန်းကို

(ကယားပြည်နယ်မှလေ့လာရေးအဖွဲ့ဝင်)

"လွိုင်ကော်မြို့မှာ နေထိုင်ပါတယ်။ ကျွန်တော်တို့ ကယားပြည်နယ်မှ လေ့လာရေးအဖွဲ့မှာ အမျိုးသား၁၀ဦးနဲ့ အမျိုးသမီး

"အခု ပြိုင်ပွဲဝင်တွေက ပိုတော်လာကြတယ်"
မဆွီးငွန်မွေး
(ချင်းပြည်နယ်မှ လေ့လာရေးအဖွဲ့ဝင်)

တော့မှပဲ စနစ်တကျနဲ့ ပြိုင်ပွဲကျင်းပပေးနေတာ တွေ့ရတယ်။ ပြည်နယ်နဲ့တိုင်းတွေက ပြိုင်ပွဲဝင်တွေဆိုရင် တကယ်တော်ကြပါတယ်။ ကလေးတွေပြိုင်ပွဲဝင်နေတာ၊ အကပြိုင်နေကြတာ

"အားရအောင် သီဆိုနိုင်ခဲ့ပါတယ်"
မချိုဇင်သန့်
(ရောဝတီတိုင်း)

တွေဟာ ကိုယ့်မျက်စိ အမြင်မှားနေသလားလို့တောင် ထင်ရတယ်။ ပြိုင်ပွဲကြီးမှာ ကျွန်တော်တို့ လေ့လာရေးအဖွဲ့ဝင်တွေကို ဂရုတစိုက်နဲ့ နေထိုင်ရေး၊ သွားလာ စားသောက်ရေးကအစ ဖြည့်ဆည်းပေးလို့ ကျေးဇူးတင်ပါတယ်။ တစ်နှစ်တစ်ကြိမ် တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေ ဆိုကြကကြ တီးမှုတ်ကြနဲ့ ဆုံတွေ့ရတာ ပျော်စရာကောင်းပါတယ်"

မသဇင်ခိုင်

(ခေတ်ဟောင်း၊ ကာလပေါ် အဆိုပြိုင်ပွဲဝင်၊ ကရင်ပြည်နယ်)

"ပြိုင်ပွဲတော့ ယှဉ်ပြိုင်ခဲ့ပြီးပါပြီ၊ ဝါသနာရှင်(ဒုတိယတန်း) အဆင့်မှာ အဆိုတော် ဒေါ်မေရှင်ရဲ့ **"ဖူးစာပိုင်"** သီချင်းနဲ့ သီဆိုပြိုင်ပွဲဝင်ခဲ့တာပါ။ အရင်က နှစ်ကြိမ်ဝင်ရောက် ယှဉ်ပြိုင်ခဲ့ဖူးပေမယ့် ဆုတံဆိပ် မရရှိခဲ့ပါဘူး။ ဒီနှစ်တော့ ပိုင်ပိုင်နိုင်နိုင် သီဆိုပြိုင်ပွဲဝင်ခဲ့တာမို့ ဆုတံဆိပ်တော့ မျှော်မှန်းနေပါတယ်။ ဒီပြိုင်ပွဲကြီး နှစ်စဉ်ကျင်းပနိုင်လေ ကျွန်မတို့လို အနုပညာဝါသနာပါသူတွေအတွက် နိုင်ငံတော်အဆင့် ပြိုင်ပွဲကြီးမှာ နွှဲရလေမို့ ဂုဏ်ယူစရာလည်း ဖြစ်ရပါတယ်"

မချိုဇင်သန့်

[အခြေခံ (၅-၁၀) အဆိုပြိုင်ပွဲဝင်၊ ရောဝတီတိုင်း]

"ရောဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ မှာ နေထိုင်ပါတယ်။ ပြိုင်ပွဲဝင်တာ နှစ်ကြိမ်ရှိပါပြီ။ မနှစ်ကတော့ ဆုတံဆိပ် မရရှိခဲ့ပါဘူး။ သမီးက သီချင်းဆိုတာ ဝါသနာပါလို့ ဆုရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ နှစ်တိုင်းပြိုင်ပွဲဝင်သွားမှာပါ။ အခု အဆိုပြိုင်ပွဲမှာ အားရအောင် သီဆိုနိုင်ခဲ့ပါတယ်။ သမီးကို သင်ပြပေးတဲ့ ဆရာကလည်း သမီးပြိုင်ပွဲမှာ သီချင်းဆိုခဲ့တာ ကောင်းတယ်တဲ့။ ဆုတံဆိပ်ရနိုင်တယ်လို့ ပြောတော့ သမီးအားရှိပြီး ဘာဆုများရမလဲလို့ မျှော်လင့်နေပါတယ်"ဟု ပြည်နယ်နှင့်တိုင်းများမှ လေ့လာရေး အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်တို့က မြန်မာ့အလင်းသို့ ဖွင့်ဟပြောကြားသွားခဲ့ကြပါကြောင်း။ ။ **(မြန်မာ့အလင်း)**

မြန်မာ့အခြေခံ ဓာတိမာန် မူမှန်ရေးရှု ယဉ်ကျေးမှု

ရန်ကုန် အောက်တိုဘာ ၂၆

အောက်တိုဘာ ၂၆ရက်က မြန်မာနိုင်ငံ၏မိုးလေဝသအခြေအနေကို ဖော်ပြရလျှင် ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲမိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့၌ နေရာစိပ်စိပ်မိုးရွာခဲ့သည်။ ရှမ်းပြည်နယ်တွင်ဒေသအလိုက်မိုးရွာခဲ့ပြီး မန္တလေးတိုင်း၌ နေရာကွက်၍ မိုးကြီးခဲ့သည်။ ကျန်ဒေသများတွင်နေရာအနှံ့ မိုးထစ်ချုန်းရွာခဲ့သည်။

အောက်တိုဘာ ၂၆ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

နေပြည်တော်(ရေဆင်း)	ဝဒသမ၆၃ လက်မ
နေပြည်တော်(သပြေကုန်း)	၁ဒသမ၅၇ လက်မ
ပင်လောင်း	၃ဒသမ၇၈ လက်မ
သီပေါ	၃ဒသမ၅၈ လက်မ
ထားဝယ်	၂ဒသမ၈၈ လက်မ
ရေး	၂ဒသမ၄၄ လက်မ
တောင်ငူ	၂ဒသမ၁၇ လက်မ

အောက်တိုဘာ၂၇ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏မိုးလေဝသအခြေအနေကိုဖော်ပြရလျှင် ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့တွင် နေရာကျဲကျဲမိုးရွာနိုင်ပြီး ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ နေရာစိပ်စိပ်မိုးရွာနိုင်သည်။ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့၌ နေရာကွက်၍ မိုးကြီးနိုင်ပြီး ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက် (သန်းသန်းနု ကိုးကားတင်ပြသည်)

ဘင်္ဂလားပင်လယ်အနောက်အလယ်ပိုင်း၌ ဖြစ်ပေါ်နေသောမုန်တိုင်းငယ် ကိုလ်ကတ္တားမြို့၏ တောင်အနောက်ပင်လယ်ပြင်ကို ဇဟိုပြုနေ

မိုးသက်လေ

မြန်မာစံတော်ချိန် မွန်းလွဲ ၁၂နာရီခွဲ တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း၌ ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် သိသိသာသာရွေ့လျားလာခြင်းမရှိဘဲ အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့၏ တောင်အနောက်ယွန်းယွန်း မိုင် ၃၀၀ ခန့်အကွာ ပင်လယ်ပြင်ကို ဇဟိုပြုနေသည်။ အဆိုပါမုန်တိုင်းငယ်သည် မြောက်အရှေ့ယွန်းယွန်း သို့ ဆက်လက်ရွေ့လျားနေပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေကို ယနေ့မွန်းတည့်မှနောက် ၂၄ နာရီအတွင်း စတင်ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ထူထပ်နေသည်။

မြန်မာ့ကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။

မိုးသည်းထန်နိုင်

အောက်တိုဘာ ၂၇ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့်ရွာနိုင်ပြီး တစ်ခါတစ်ရံ မိုးသည်းထန်နိုင်ကာ ရွာရန်ရာနှုန်း၈၀ဖြစ်သည်။ ။

ကိုးကားချက်-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဘူရိဒတ်ဇာတ်တော်ကြီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းကိုယ်စားပြု အောင်ကိုဝင်း ဦးဆောင်သော ဇာတ်အဖွဲ့ ယှဉ်ပြိုင်တင်ဆက်စဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဓမ္မဝိဟာရပထမကျော်စာသင်တိုက်နှင့် ဓမ္မရိပ်သာကျောင်းဆောင်သစ် ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားသို့ တက်ရောက်

ရန်ကုန် အောက်တိုဘာ ၂၆

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် (၅/က)ရပ်ကွက် ဇာဝေယာလမ်းရှိ ဓမ္မဝိဟာရပထမကျော်စာသင်တိုက်နှင့် ဓမ္မရိပ်သာရှိ ကျောင်းဆောင်သစ် ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို ယမန်နေ့နံနက်ဂနာရီတွင် အဆိုပါ ကျောင်းတိုက်အတွင်းရှိ ကျောင်းဆောင်သစ်ဆောက်လုပ်မည့်နေရာ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ အုတ်မြစ်တော်များ ထည့်သွင်းပေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဓမ္မဝိဟာရပထမကျော်စာသင်တိုက်နှင့် ဓမ္မရိပ်သာ နဝမအကြိမ် စုပေါင်းမဟာဘုံကထိန်အလှူတော်နှင့် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို အဆိုပါကျောင်းတိုက်အတွင်းရှိ ဝဏ္ဏဂုဏ်ရည်ကျောင်းတော်ကြီး၌ ဆက်လက်ကျင်းပရာ စေတနာရှင် အလှူရှင်များက လှူဒါန်းသော အလှူငွေများကို ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူးတို့က လက်ခံကြသည်။

(သတင်းစဉ်)

ဘူရိဒတ်ဇာတ်တော်ကြီးပြိုင်ပွဲ ဆက်လက်ကျင်းပ ရန်ကုန်တိုင်းကိုယ်စားပြုဇာတ်အဖွဲ့ ပြိုင်ပွဲဝင်ဖျော်ဖြေတင်ဆက်

နေပြည်တော် အောက်တိုဘာ ၂၆

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဘူရိဒတ်ဇာတ်တော်ကြီးပြိုင်ပွဲကို ယနေ့ည ဂနာရီတွင် နေပြည်တော်ရေဆင်းတက္ကသိုလ်နယ်မြေရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင် ရတနာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းကိုယ်စားပြု အောင်ကိုဝင်း ဦးဆောင်သော ဇာတ်အဖွဲ့က ဆယ်ဘွဲ့ဝင်ဆဋ္ဌမမြောက် ဘူရိဒတ်ဇာတ်တော်ကြီးကို အားကြိုးမာန်တက် ပြိုင်ပွဲဝင်ဖျော်ဖြေတင်ဆက်သည်။

အဆိုပါ ဘူရိဒတ်ဇာတ်တော်ကြီး ပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး ရှေးဟောင်း သုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်း၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးနှင့် ကော်မတီဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှအကဲဖြတ်ပညာရှင်များ၊ တာဝန်ရှိသူများ၊ ဇာတ်သဘင်အနုပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ တစ်ခဲနက်တက်ရောက်ကြည့်ရှုအားပေးကြသည်။

အားကြိုးမာန်တက်ယှဉ်ပြိုင်

ဘူရိဒတ်ဇာတ်တော်ကြီး ပြိုင်ပွဲဝင် ရန်ကုန်တိုင်းကိုယ်စားပြု အောင်ကိုဝင်း ဦးဆောင်သော ဘူရိဒတ်ဇာတ်တော်ကြီးတွင် အုပ်ချုပ်သူ ဗိုလ်မှူးဖြိုးသန့်နှင့် ကိုစိုးဝင်း၊ ဇာတ်ညွှန်း တက္ကသိုလ်ထူးအောင်၊ အနုပညာအကြံပေး ဦးစိန်လှမြိုင်၊ ဒါရိုက်တာ ဉာဏ်ဝင်း၊ ဂီတမှူး စိန်လှငွေတို့ဖြစ်ပြီး ဘူရိဒတ်နဂါးမင်းအဖြစ် အောင်ကိုဝင်း၊ သမုဒ္ဒဇာ အဖြစ် မြင့်မြင့်ကြည်၊ ကာသိကရာဇ်မင်းအဖြစ် ဉာဏ်ဝင်း၊ ဒတ္တရဋ္ဌနဂါးမင်းအဖြစ်သူရဝင်း၊အဇမုခိအဖြစ်မင်းသမီး သန္တာလင်း (ယဉ်ကျေးမှု)၊ သုဒဿန အဖြစ် သန်းထွဋ်အောင်၊ သုဘောဂအဖြစ် ဇော်မင်းဦး၊ ကာဏာရိဋ္ဌအဖြစ် ဝင်းဇော်ထွဋ်၊ ရသေ့အဖြစ် တင်ကြိုင်၊ ဂဠုန်မင်းအဖြစ် မြသန်း၊ နဂါးအဖြစ် အောင်စိုးလွင်၊ အလမ္ပာယ်ပုဏ္ဏားအဖြစ် ဇော်နိုင်၊ နေသာဒပုဏ္ဏားအဖြစ် သိန်းမြင့်၊ သောမဒတ္တအဖြစ် ဇေယျာဟန်၊ စူဠလိပ်အဖြစ် ရန်နိုင်လင်း၊ ပုဏ္ဏေးမအဖြစ် သူဇာလင်း၊ မြင့်မြင့်မာ ဦးဆောင်သော ပဒေသာယိမ်းအဖွဲ့တို့က သရုပ်ဆောင်ကြပြီး စိန်လှငွေ ဦးဆောင်သော ဆိုင်းအဖွဲ့က တီးမှုတ်ပေးကြကာ ဇာတ်ခန်းများဖြစ်သော ပဏာမ ဘုရားရှိခိုးခန်း၊ နတ်ချင်းယိမ်းခန်း၊ ဇာတ်ပန္နက် မြိုင်ထခန်း၊ လက်စွဲတော်လေးဦး ခွန်းထောက်ဆို၊ ဇာတ်ဝင်နှစ်ပါး၊ ဝန်နှစ်ပါး မင်းသားခေါ်ခန်း၊ ပြည်တော်ပြန်ခန်း၊ ကာသိကရာဇ်မင်းညီလာခံ၊ စူဠလိပ် နဂါးပြည်သွားခန်း၊ ဒတ္တရဋ္ဌမင်းညီလာခံ၊ နဂါးများ ပဏ္ဏာတော်ယူဆောင်ခန်း၊ ကာသိကရာဇ် သမီးတော် အပ်နှင်းခန်း၊ သမီးတော်ကို နဂါးပြည်ဆောင်ခန်း၊ နဂါးဝန်နှစ်ပါး မြို့လှည့်ခန်း၊ ဘူရိဒတ် ဥပုသ်တော်ယူခန်း၊ ပုဏ္ဏားသားအဖ နဂါးပြည်ခေါ်ခန်းနှင့်ရောက်ခန်း၊ ရသေ့ကျောင်းအနီး ဂဠုန် နဂါးတိုက်ခန်း၊ ပုဏ္ဏားသားအဖအိမ်ပြန်ရောက်ခန်း၊ နေသာဒ ဘူရိဒတ် နေရာညွှန်းခန်း၊ ဘူရိဒတ်ကို အလမ္ပာယ်ဖမ်းခန်း၊ မယ်တော် အိပ်မက်ခန်း၊ သုဒဿန ဘူရိဒတ် လိုက်ရှာခန်း၊ နန်းရင်ပြင် အလမ္ပာယ်ပြခန်း၊ ရသေ့ကြီး ပူဇော်ပွဲနှင့် ဇာတ်ပေါင်းခန်းတို့ဖြင့် အားကြိုးမာန်တက်ပြိုင်ပွဲဝင် ယှဉ်ပြိုင်တင်ဆက်ကြသည်။

ကျင်းပပြီးစီး

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဇာတ်တော်ကြီးပြိုင်ပွဲ အပါအဝင် ပြိုင်ပွဲများအားလုံးသည် ယနေ့အောင်မြင်စွာ ကျင်းပပြီးစီးသွားပြီဖြစ်သည်။ **(သတင်းစဉ်)**

✳ ရှေ့ဖုံးမှ

ဖွင့်လှစ်ပေးခဲ့

ထိုသို့ တည်ဆောက်ပေးမှုကြောင့် ခေတ်အဆက်ဆက် ရေလမ်းအားကိုး နေထိုင်ခဲ့ကြရသည့် ကျောက်ဖြူမြို့၊ ရမ်းဗြဲမြို့နှင့် ကျွန်းပေါ်ရှိ ရွာပေါင်း ၄၈၀၌ နေထိုင်ကြသည့် ဒေသခံပြည်သူ သုံးသိန်းကျော်အတွက် ကုန်းလမ်းထွက်ပေါက်ကြီးတစ်ခုအဖြစ် ရန်ကုန်-ကျောက်ဖြူ ကားလမ်းမကြီးနှင့်အတူ မင်းကြောင်းချောင်းတံတားကို ၂၀၀၆ခုနှစ် ဧပြီ၇ရက်က ဖွင့်လှစ်ပေးခဲ့သည်။

ရန်ကုန်-ကျောက်ဖြူ လမ်းမကြီးကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာများ၊ တပ်မတော်သားများနှင့် ရခိုင်ပြည်နယ်သူ ပြည်နယ်သားတို့ စုပေါင်းစွမ်းပကားဖြင့် လေးနှစ်ကျော် အချိန်ယူကာ ကြိုးစားပမ်းစား ဖောက်လုပ်ခဲ့ကြသည်။ ရန်ကုန်-ကျောက်ဖြူ လမ်းမကြီးတစ်လျှောက်ရှိ အချို့နေရာများတွင် ဒီရေတော၊ ဖြုံးတော၊ ရွှံ့နွံတော အစရှိသည့် အမာခံအပိုင်းများ ပါဝင်နေသည့်အတွက် အောက်ခြေအမာခံရရန် နည်းလမ်းစုံ ရှာဖွေတီထွင်ကြံဆ လုပ်ကိုင်ခဲ့ရသည်။ တံတားတည်ဆောက်ရေး အဖွဲ့များက တံတားများကို ခက်ခက်ခဲခဲ ကြိုးပမ်း တည်ဆောက်ခဲ့ရသကဲ့သို့ လမ်းဖောက်လုပ်ရေး အဖွဲ့များကလည်း နယ်မြေဒေသ အပိုင်းအလိုက် ခက်ခက်ခဲခဲ တာဝန်ယူ ဆောက်လုပ်ခဲ့ကြရခြင်းဖြစ်ပေသည်။

အရှည်ဆုံးတံတား

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်အတွင်း တည်ရှိသည့် မင်းကြောင်းချောင်းတံတားကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတံတားတည်ဆောက်ရေး စီမံကိန်း အထူးအဖွဲ့(၁၁)က တာဝန်ယူ တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ တံတားအရှည်မှာ ၂၇၀၄ ဒသမ၄ပေရှိရာ တောင်ကုတ်နှင့် ကျောက်ဖြူအကြား တည်ဆောက်ပြီးစီးခဲ့သည့် မြစ်ကူး ချောင်းကူး တံတား ၁၃စင်းအနက် အရှည်ဆုံး တံတားဖြစ်သည်။

မင်းကြောင်းချောင်းတံတား၏ ယာဉ်သွားလမ်းအကျယ် ၂၄ပေနှင့် တံတားတစ်ဖက်စီတွင် သုံးပေစီကျယ်သည့် လူသွားလမ်းလည်း ပါရှိသည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ် ၁၇၁ပေ၊ အမြင့်၃၁ပေ ဖြစ်သည်။ တံတားအမျိုးအစားမှာ အပေါ်ထည် သံမဏိသံပေါင် သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်သည်။ အောက်ထည်မှာ သံကူကွန်ကရစ် ဘိုးပိုင်အုတ်မြစ် အမျိုးအစားဖြစ်သည်။

မြင့်မားတိုးတက်

ရန်ကုန်-ကျောက်ဖြူလမ်းမကြီးနှင့်အတူ မင်းကြောင်းချောင်းတံတားကို ဖွင့်လှစ်ပေးနိုင်ခဲ့မှုကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများမှာ သွားလာရေးလွယ်ကူလာပြီး စီးပွား ကုန်သွယ်လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ကြပေပြီ။ လမ်းမကြီး လမ်းဘေးဝဲ/ယာ တစ်လျှောက်၌လည်း စိုက်ပျိုးမြေသစ်များ၊ မွေးမြူရေးအတွက်ကန်နှင့် ခြံမြေနေရာသစ်များ ပိုမိုပေါ်ထွက်လာခဲ့ပြီဖြစ်ရာ စီးပွားရေးကောင်းမွန်မှုနှင့်အတူ ပညာရေး၊ကျန်းမာရေးစသည့်လူမှုရေးဆိုင်ရာ အခြေခံများပါ မြင့်မားတိုးတက်သည့် အကျိုးကျေးဇူးများကို ရရှိခံစားနေကြရပြီဖြစ်ပါကြောင်း။ ။

(မြန်မာ့အလင်း)

ကြက်ငှက်တုပ်ကွေးရောဂါ ဇီဝလုံခြုံမှုအဆင့်(၂)ဓာတ်ခွဲခန်းဖွင့်လှစ် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်

ရန်ကုန် အောက်တိုဘာ ၂၆

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာရေး ဇီဝလုံခြုံမှုအဆင့်(၂) (တိုးမြှင့်) ဓာတ်ခွဲခန်း (Bio-security Level 2 Enhnaced Animal Health Laboratory) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့တွင် ယင်းဓာတ်ခွဲခန်းတည်ရှိရာ အင်းစိန်မြို့နယ် ဘူတာရုံလမ်းရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရန်ကုန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းဝင်း၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် အကြီးတန်းပညာရပ်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Dr. Masao Sasaki က ဓာတ်ခွဲခန်း အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားပြီး ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့ချုပ် (OIE) အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံးမှ ဒုတိယအကြီးအကဲ Dr. Kenji Sakurai၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Dr. Shin Imai နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်တို့က အဖွင့်အမှာစကား ပြောကြားကာ ဓာတ်ခွဲခန်းအသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက ဓာတ်ခွဲခန်းဖွင့်လှစ်ခြင်း အထိမ်းအမှတ် ပစ္စည်းများကို ပေးအပ်ပြီး ဓာတ်ခွဲခန်းအသစ်ကို လှည့်လည်ကြည့်ရှုသည်။

လျင်မြန်တိကျ

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း အစီအစဉ်အရ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက တည်ဆောက်ထားသည့် ဓာတ်ခွဲခန်းအဆောက်အအုံကို ဇီဝလုံခြုံမှုအဆင့်(၂) ဓာတ်ခွဲခန်းအဖြစ် မြှင့်တင်တည်ဆောက်ကာ နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းသုံး ပစ္စည်းကိရိယာများဖြစ်သည့် Conventional PCR, Real Time PCR, Gene Sequencer တို့ကိုပါ ဖြည့်ဆည်းထားရှိသဖြင့် ပုံမှန်ရောဂါရှာဖွေရေးလုပ်ငန်းများအပြင် ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်စ်၏ မျိုးရိုးဗီဇ ဖွဲ့စည်းတည်ရှိမှုကိုပါ ခွဲခြားစစ်ဆေးနိုင်မည်ဖြစ်သဖြင့် ကြက်ငှက်တုပ်ကွေးရောဂါ ရောဂါရှာဖွေရာတွင် ပိုမိုလျင်မြန်တိကျစွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းနှင့် အဖွဲ့ဝင်များသည် မင်္ဂလာဒုံမြို့နယ် လေးထောင့်ကန်ရပ်ကွက်ရှိ ငွေစင်ပုလဲ နို့စားနွားမွေးမြူရေးလုပ်ငန်းနှင့် အားမာန် နို့စားနွားမွေးမြူရေးခြံများကိုလည်းကောင်း၊ မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်ရှိ ရွှေပုစွန် နို့စားနွားမွေးမြူရေးစခန်း၌ နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်ပြီး နမူနာများနှင့် ရွှေပုစွန် နို့စားနွားမွေးမြူရေးခြံကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

အသေးစိတ်ရှင်းလင်း

ထို့နောက် ဝန်ကြီးက နို့နှင့် နို့ထွက်ပစ္စည်း မွေးမြူထုတ်လုပ်သော လုပ်ငန်းရှင်များအား တွေ့ဆုံ၍ သဘာဝနို့အစစ်မှ နို့ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းဖြင့် အာဟာရတန်ဖိုး ပြည့်ဝစွာနှင့် ဘေးဥပဒ်ကင်းစင်သော အရည်အသွေးမြင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်နိုင်မည့်အခြေအနေများကို အသေးစိတ်ရှင်းလင်းဆွေးနွေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အောက်တိုဘာ၂၆ရက်က မြန်မာနိုင်ငံဆရာဝန်အသင်း အမျိုးသမီးဆရာဝန်များအဖွဲ့ နာယက ဒေါက်တာဒေါ်ခင်ဆန်းနွယ် ခေါင်းဆောင်သည့် ဆရာဝန်များအဖွဲ့ တွံတေးမြို့နယ်ရှိ ကျေးရွာများမှ ပြည်သူများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။ (သတင်းစဉ်)

● ကျောဖုံးမှ

တက်ရောက်

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ တက်ရောက်ကြသည်။

အမှာစကားပြော

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက သင်တန်းဆင်း အမှာစကားပြောကြားသည်။

ရည်မှန်းဆောင်ရွက်နေ

ပညာရေးနှင့်ပတ်သက်ပြီး နိုင်ငံတကာ၌လေးနက်သည့် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နေကြကြောင်း၊ မြန်မာနိုင်ငံအနေနှင့်လည်း နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍစုံတွင် ပညာရေးကိုအခြေစိုက်ပြီး ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ပညာရေးကဏ္ဍကိုလည်း နိုင်ငံ့လိုအပ်ချက်များနှင့်အညီ တိုးတက်ပြောင်းလဲလာစေရန် ရည်မှန်းဆောင်ရွက်နေကြောင်း။

နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ယင်းဖွံ့ဖြိုးတိုးတက်မှုများနှင့် တစ်ပြေးညီ ဖြစ်ပေါ်လာသည့် နည်းပညာဆိုင်ရာ လိုအပ်မှု၊ စိန်ခေါ်မှုများသည် ပညာရေးအပေါ် ပိုမိုကြီးမားသည့် တောင်းဆိုမှုများ ဖြစ်လာစေလျက်ရှိကြောင်း။

မရပ်မနားကြိုးပမ်း

နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုက တောင်းဆိုလာသည့် အသိပညာ၊ အတတ်ပညာ နည်းပညာဆိုင်ရာ လိုအပ်ချက်များနှင့်တစ်ပြေးညီ ဝိဇ္ဇာ/သိပ္ပံပညာရပ်များ တိုးတက်မြင့်မားလာစေရန်၊ နည်းပညာပြောင်းလဲမှုနှင့် ယှဉ်တွဲပြီး အသိပညာ တိုးပွားလာစေရန် ပညာရေးကဏ္ဍကတစ်ဆင့် မြှင့်တင်ဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း၊ ယင်းသို့သော အခြေအနေတွင် ဆရာ ဆရာမများ အပါအဝင် ပညာရေးကဏ္ဍနှင့် ပတ်သက်ဆက်နွယ်သူမှန်သမျှသည် နိုင်ငံနှင့် လူမျိုးအတွက် ဆိုသည့် အသိအမြင် အစဉ်ထာဝရ နိုးကြားတက်ကြွစွာနှင့် မဆုတ်မနစ် မရပ်မနား ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

အလေးထားသင်ကြားပေး

ကျေးလက်နှင့် မြို့ပြ ပညာသင်ယူနိုင်မှုအခွင့်အလမ်း ညီညီမျှမျှ ဖြစ်ထွန်းနေပြီဖြစ်သည့် အခြေအနေတွင် ပညာရည်အဆင့်အတန်းကွာခြားချက် တဖြည်းဖြည်းချင်း ညီမျှလာအောင် ကျေးလက်ရှိ အခြေခံပညာကျောင်းများ၏ ပညာရည်အရည်အသွေးကို ပိုမိုမြှင့်တင်ပေးနိုင်ရေးအတွက် အလေးထား သင်ကြားပေးကြပါဟုလည်း တစ်ဆက်တည်း မှာကြားလိုကြောင်း။

အထောက်အကူဖြစ်

နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားသည့် လမ်းညွှန်မှုအရ ဆောင်ရွက်ခဲ့သည့် ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များသည် မြန်မာနိုင်ငံသူ နိုင်ငံသား အများစု အခြေစိုက်ရာဖြစ်သည့် ကျေးလက်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အချိန်တိုအတွင်း ဖန်တီးဖော်ဆောင်ပေးနိုင်ခဲ့သကဲ့သို့ ကျေးလက်ဒေသဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်မှုများ၏ အရှိန်အဟုန်နှင့် အတွေ့အကြုံတို့သည်လည်း ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းဒေသ မုန်တိုင်းဒဏ် သင့်ခဲ့ရာမှ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် များစွာ အထောက်အကူဖြစ်စေခဲ့သည်ကို တွေ့ရကြောင်း။

ကျေးလက်ဒေသများအထိ လမ်းများကောင်းမွန်နေသည့်အတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ထိရောက်အရှိန်ရစေခဲ့ကြောင်း၊ အချို့ဒေသများတွင် ကျေးလက် ရေရရှိရေးဆောင်ရွက်ထားသည့် ရေလှောင်ကန်များသည် မုန်တိုင်းဒဏ်ကို ခံနိုင်ခဲ့သည့်အပြင် သန့်ရှင်းသည့် သောက်သုံးရေ ရရှိရေး ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများကိုအခြေခံပြီး ရေတွင်းရေကန်များ ပျက်စီးသွားသည့် ဒေသများတွင် သန့်ရှင်းသည့် သောက်သုံးရေ ရနိုင်ရန် အမြန်ဆုံး ပြန်လည်တည်ဆောက်ပေးနိုင်ခဲ့သည်ကို တွေ့ရကြောင်း။

ထိထိရောက်ရောက်တားဆီးနိုင်

အလားတူပင် ကျေးလက် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများနှင့်အညီ ကျေးလက်အခြေစိုက်နှင့် ရွေ့ပြောင်း ကျန်းမာရေး စောင့်ရှောက်မှုစနစ်ကို အမြန်ဆုံး ပြန်လည်တည်ဆောက်နိုင်ခဲ့သည့်အတွက် မုန်တိုင်းဒဏ်၏နောက်တွင် ဆိုးရွားသည့် ရောဂါကပ်ဘေးများ ဆိုက်ရောက်မလာအောင် ထိထိရောက်ရောက် တားဆီးနိုင်ခဲ့သည်ကို တွေ့ရကြောင်း။

ဖွင့်လှစ်နိုင်

ပညာရေးကဏ္ဍတွင် လေဘေးသင့် ဒေသအတွင်းရှိသည့် အခြေခံပညာကျောင်း ၂၀၄၅ ကျောင်း အားလုံးကို ၂၀၀၈ခုနှစ် ဇွန် ၆ရက်နှင့် ၂၅ရက်အတွင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သကဲ့သို့ တက္ကသိုလ်၊ ကောလိပ်များကိုလည်း အခြားဒေသများနည်းတူ ၂၀၀၈ခုနှစ် ဇွန် ၂ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ကြောင်း။

သီးခြားတီထွင်

ပင်လယ်နှင့်နီးကပ်သည့် စာသင်ကျောင်းများကို စာသင်ရန်အတွက်သာမက အရေးကြုံပါက ပတ်ဝန်းကျင်ရှိ ပြည်သူများအားလုံးအတွက် ရေဘေး လေဘေးက ခိုလှုံနိုင်သည့်နေရာများဖြစ်လာစေရန် ဗိသုကာဒီဇိုင်း သီးခြားတီထွင်ပြီး ပြန်လည်တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေပြီလည်း ဖြစ်ကြောင်း။

အချက်အချာကျသည့် ဒေသများတွင် အခြေခံပညာကျောင်းများ တိုးမြှင့်ဖွင့်လှစ်ရန်၊ အဆင့်မြှင့်တင်ပေးရန်နှင့် ပညာရေးကဏ္ဍအပါအဝင် ပြန်လည်ထူထောင်မှုများ ဆောင်ရွက်ရာတွင် မူလအခြေအနေ အဆင့်အတန်းထက် ပိုမိုမြင့်မားအောင် ဆောင်ရွက်သွားရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ဒေသအတွင်း အခြေခံပညာကျောင်း ၄၆ကျောင်းကို အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ကြောင်း။

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ကိုယ်စား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်း သင်တန်းသူစံပြဆုရ ဧရာဝတီတိုင်း မြောင်းမြမြို့နယ် တပင်ချောင်း အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းပြဆရာမ ဒေါ်ရတနာကျော်အား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်ပြီး ပြောရလျှင် ဒေသတွင်း ကျန်းမာရေး စောင့်ရှောက်မှု တိုးမြှင့်ပေးရန်နှင့် အရည်အသွေးမြှင့်တင်ပေးရန်၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ဧရာဝတီတိုင်းအတွင်း၌ ကျေးလက်ကျန်းမာရေးဌာနခွဲအဆင့်မှ ဌာနအဆင့်သို့ တိုးမြှင့်မှု ငါးနေရာ၊ ကျေးလက်ကျန်းမာရေးဌာနအဆင့်မှ တိုက်နယ်ဆေးရုံအဆင့် တိုးမြှင့်မှု လေးနေရာဆောင်ရွက်ပေးခဲ့သည့်အပြင် ဘိုကလေးဆေးရုံနှင့် မော်လမြိုင်ကျွန်းဆေးရုံတို့ကို ခုတင် ၅၀ဆံ့မှ ခုတင် ၁၀၀ဆံ့ ဆေးရုံအဆင့် တိုးမြှင့်ပေးခဲ့ပြီး ၂၅ခုတင်ဆံ့ လပွတ္တာဆေးရုံနှင့် ခုတင်၁၀၀ဆံ့ ဖျာပုံဆေးရုံတို့ကို ခုတင်၂၀၀ဆံ့ ဆေးရုံကြီးများအဖြစ် တိုးမြှင့်ပေးခဲ့ပြီး ဖြစ်ကြောင်း။

ထင်ရှားပေါ်လွင်လာ

ယခုကဲ့သို့ မုန်တိုင်းဒဏ်ခံစားခဲ့ရသည့် အချိန်အခါတွင် နိုင်ငံအတွင်း အခြေခံအဆောက်အအုံများ၊ စားရေရိက္ခာများ ပြည့်စုံစေရအောင် ကြိုတင်တည်ဆောက်ထားရန် လမ်းညွှန်ခဲ့သည့် နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားမှု၊ ဘဏ္ဍာငွေကြေးနှင့် စီမံခန့်ခွဲမှုအင်အား အပြည့်အဝ အသုံးပြုပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်တိုအတွင်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်အစိုးရ၏ စေတနာတို့သာမက မျိုးချစ်စိတ်ဓာတ်၊ မိသားစုစိတ်ဓာတ်၊ လူမှုရေးစိတ်ဓာတ် ထက်သန်ပြင်းပြစွာဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ပြည်သူများ၊ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များနှင့် တပ်မတော်သားများ၏ ညီညွတ်သည့် စွမ်းအားတို့မှာလည်း ပိုမိုထင်ရှားပေါ်လွင်လာခဲ့ကြောင်း။

ထို့အပြင် မုန်တိုင်းဒဏ်သင့် ဒေသများ၏ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ရေရှည် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် ယနေ့ ပညာရေးကဏ္ဍက အလေးထား ကြိုးပမ်းတည်ဆောက်ပေးနေသည့် နိုင်ငံနှင့် လူမျိုး၏ အမျိုးသားစွမ်းအင်အား၊ ခိုင်မာတောင့်တင်းမှုစွမ်းအား၊ နည်းပညာ တိုးတက်မြင့်မားမှုစွမ်းအား၊ အခြေခံအဆောက်အအုံများ ပြည့်ပြည့်စုံစုံ ခင်းကျင်းတည်ဆောက်ထားနိုင်မှု စွမ်းအားနှင့် ပြည်သူများ၏စိတ်ဓာတ်ရေးရာစွမ်းအားတို့ ပြည့်ဝခိုင်မာမှုသည် အဓိကကျသည့် အမျိုးသားရေးအင်အားများအဖြစ် ပေါ်လွင်လာခြင်းလည်းဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ဤသို့ ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် စွမ်းအားကောင်းများ၊ အမျိုးသားရေးအင်အားများ ပိုမိုပြီး တိုးပွားဖြစ်ထွန်း ခိုင်မာစေရအောင်နှင့် အနာဂတ်ကာလ မျှော်မှန်းချက်များနှင့်အညီ စဉ်ဆက်မပြတ် ရှင်သန်ဖွံ့ဖြိုးတိုးတက်နေစေရအောင် ပညာရေးကဏ္ဍမှတစ်ဆင့် ဆက်လက်ပြုစုပျိုးထောင်တည်ဆောက်ပေးကြရန်ဖြင့် တိုက်တွန်းပြောကြားသွားသည်။

သင်တန်းဆင်းအောင်လက်မှတ်

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက သင်တန်းသား စံပြဆုရ ဧရာဝတီတိုင်း အိမ်မဲမြို့နယ် ခြောက်အိမ်တန်း အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)မှ အလယ်တန်းပြဆရာ ကသအမှတ်(F-၁၀၁) ဦးဟိန်းမောင်မောင်သိန်း၊ သင်တန်းသူစံပြဆုရ ဧရာဝတီတိုင်း မြောင်းမြမြို့နယ် တပင်ချောင်း အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းပြဆရာမ ကသအမှတ်(A-၂၂၈) ဒေါ်ရတနာကျော်၊ သင်တန်းသား ဖွဲလုံ့လဆုရ တနင်္သာရီတိုင်း မြိတ်မြို့နယ် အုန်းတော အခြေခံပညာ မူလတန်းလွန်ကျောင်းမှ မူလတန်းကျောင်းအုပ် ကသအမှတ်(F-၅၉) ဦးလှမြင့်၊ သင်တန်းသူ ဖွဲလုံ့လဆုများ ရရှိကြသည့် ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၁၄) အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းပြဆရာမ ကသအမှတ်(A-၈၆) ဒေါ်ခင်ကြည်ဝင်းနှင့် ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းကျောင်းအုပ် ကသအမှတ်(E-၁၈၄) ဒေါ်သာနုအေးတို့အား လည်းကောင်း၊ စံပြအဆောင်ဆုရရှိကြသော အမျိုးသား တပ်ခွဲ(၅) အဆောင်(၉)နှင့် အမျိုးသမီး တပ်ခွဲ(၈) အဆောင်(၁၀)တို့မှ သင်တန်းသား ၁၄ဦးနှင့် သင်တန်းသူ ၂၇ဦးတို့ ကိုယ်စား တပ်ခွဲအလိုက် သင်တန်းသား ခေါင်းဆောင်များအား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းသား သင်တန်းသူများကိုယ်စား တပ်ခွဲအလိုက် သင်တန်းသား ခေါင်းဆောင်များအား သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့် တာဝန်ရှိသူများသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံ၍ နှုတ်ဆက်ကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၁၅၀၁ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်ခဲ့သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ ပန်းတနော်တွင် အသိပညာပေးဟောပြော၊ စကားဝိုင်းဖွဲ့ဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ကျင်ခိုင်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့တို့မှ တာဝန်ရှိသူများသည် အောက်တိုဘာ၂၁ရက်တွင် ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် အင်းမစ်ပြကျေးရွာ၌ ဒေသခံတိုင်းရင်းသူ အမျိုးသမီးများအား တွေ့ဆုံကာ အသိပညာပေးဟောပြောပွဲ၊ စကားဝိုင်းဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြသည်။

ဆွေးနွေး

ရှေးဦးစွာ အဖွဲ့ခေါင်းဆောင် ဒေါ်ကျင်ခိုင်က **"အမျိုးသမီးရေးရာအကြောင်း သိကောင်းစရာများ"**ကို ရှင်းလင်းပြောကြားပြီး ဒုတိယအဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါက်တာဒေါ်မေဝင်းအောင်ခင်က "ကျန်းမာရေးဆိုင်ရာ သိကောင်းစရာ"များကို ဆွေးနွေးဟောပြောသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ထောက်ပံ့သော အမျိုးသမီးရေးရာ ဝတ်စုံများကို ကျေးရွာအမျိုးသမီးရေးရာအဖွဲ့သို့ လည်းကောင်း၊ သုတ၊ ရသစာအုပ်၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းများ၊ ပြက္ခဒိန်နှင့် မြေပုံများကို ကျေးရွာစာကြည့်တိုက်နှင့် အင်းမ အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်သို့ လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။ **(အောက်ပုံ)**

တက်ရောက်

ဆက်လက်၍ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အမျိုးသမီးများနှင့် ရင်းနှီးပွင့်လင်းစွာ စကားဝိုင်းဖွဲ့ဆွေးနွေးကြသည်။ အဆိုပါ အသိပညာပေးဆွေးနွေးပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲသို့ ပတ်ဝန်းကျင်ကျေးရွာများမှ အမျိုးသမီး ၄၃၃ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

CHIGO AIR CONDITIONERS M.C.G Co.,Ltd.

ဂုဏ်ပြုဆုချီးမြှင့်ပွဲနှင့် ညစာစားပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၆

CHIGO AIR CONDITIONERS M.C.G Co., Ltd. ၏ Dealers ဆိုင်များအား ဂုဏ်ပြုဆု ချီးမြှင့်ပွဲနှင့် ညစာစားပွဲကို အောက်တိုဘာ ၂၄ရက် ည ၇နာရီက ရန်ကုန်မြို့ Parkroyal Hotel ၌ ကျင်းပရာ M.C.G Co.,Ltd. မှ တာဝန်ရှိသူများ၊ အရောင်းကိုယ်စားလှယ်များ၊ အရောင်းဆိုင်များမှ တာဝန်ရှိသူများ၊ စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

နှုတ်ခွန်းဆက်စကား

ယင်းအခမ်းအနားတွင် ဒါရိုက်တာ ဦးနေမျိုးအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဒါရိုက်တာ ဦးကျော်စွာမြင့်နှင့် ဒါရိုက်တာများက ဂုဏ်ပြုဆု ရှစ်ဆုကို ချီးမြှင့်သည်။

ထို့နောက် တက်ရောက်လာသော ဧည့်သည်တော်များအား ကံစမ်းမဲများ ဖောက်၍ ဒါရိုက်တာများက ဆုများ ချီးမြှင့်သည်။

တင်သွင်းရောင်းချ

M.C.G Co., Ltd. မှ အိမ်သုံး လုပ်ငန်းသုံး၊ CHIGO Air-Con မျိုးစုံကို မြန်မာနိုင်ငံ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းရောင်းချလျက်ရှိသည်။ CHIGO Air-Con များ၏ ထူးခြားချက်မှာ မည်သည့် Air-Con တွင်မှ မပါရှိသော Fault Finding System ခေါ် စက်ချွတ်ယွင်းချက်ကို စက်မှ ဖော်ပြပေးသည့် စနစ်ပါရှိသည့်အတွက် ချွတ်ယွင်းမှုအပိုင်းကို အလွယ်တကူသိရှိ ပြင်ဆင်နိုင်ခြင်း ဖြစ်သည်။ Air Swim မှာ လေးဖက်သို့သွားသော စနစ်ဖြစ်ပြီး Warranty ကာလ သုံးနှစ်ပေးထားပြီး ကုမ္ပဏီအနေဖြင့် အရည်အသွေးပိုင်းဝန်ဆောင်မှု ဆားဗစ်အပိုင်းကိုလည်း အစဉ်ဂရုစိုက် ဆောင်ရွက်ပေးလျက်ရှိသည်။ M.C.G Co.,Ltd.နှင့်ဆက်သွယ်လိုလျှင် ရုံးချုပ် အမှတ် ၂၁၆ မြေညီထပ် ၃၈လမ်း (အပေါ်ဘလောက်)ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၇၀၅၀၆၀၊ ၀၁-၃၇၃၄၇၂၊ ၀၉-၅၁-၇၆၇၈၉၊ ၀၉-၅၀-၆၆၉၃၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချီးမြှင့်

CHIGO AIR CONDITIONERS M.C.G Co.,Ltd. ၏ Dealers ဆိုင်များအား ဂုဏ်ပြုဆု ချီးမြှင့်ပွဲနှင့် ညစာစားပွဲတွင် ပထမဆုရရှိသူတစ်ဦးအား ငွေကျပ် ၃၅သိန်းကို ဒါရိုက်တာ ဦးကျော်စွာမြင့်က ချီးမြှင့်စဉ်။

(သတင်းစဉ်)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ဂုဏ်ပြုလျက်-

မြန်မာ့အစဉ်အလာ ရိုးရာတေးဂီတ စနစ်တကျဆက်လက်ထိန်းသိမ်းကြ

ရှေးနှစ်ပေါင်းထောင်နှင့်ချီကာ မြန်မာ့သမိုင်းစဉ်တစ်လျှောက် တဖြည်းဖြည်းချင်း ထွန်းကားပြန့်ပွားလာခဲ့သော မြန်မာတို့၏ အနုသုခုမပညာရပ်များသည် ယခုမျက်မှောက်ခေတ်ကာလတွင် အဆင့်အတန်းအမြင့်ဆုံးသို့ ရောက်ရှိနေခဲ့ပြီဖြစ်သည်။အတိတ်ကာလက မြန်မာ့အနုပညာရှင်ကြီးများ စတင်တီထွင်၊ တိုးတက်ပြန့်ပွားအောင် ကြိုးပမ်းဆောင်ရွက်လာခဲ့မှုတို့ကြောင့်လည်း အဖိုးမဖြတ်နိုင်သော မြန်မာတို့၏ အစဉ်အလာ အနုသုခုမပညာရပ်များသည် ယနေ့တိုင်ရှင်သန်တည်တံ့နိုင်ခဲ့ခြင်း ဖြစ်ပေတော့သည်။ ထိုအနုပညာရှင်များအားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ကြရမည်ဖြစ်သည်။ ယနေ့မြန်မာနိုင်ငံ၏ ရှေးရိုးဂီတအစဉ်အလာသည် ကမ္ဘာ့ဂီတပညာရှင်ကြီးများကပင် ချီးကျူးလေးစားခြင်းခံခဲ့ရသော အဆင့်အတန်းသို့ ရောက်ရှိလာခဲ့ပြီကို ဂုဏ်ယူဖွယ်ရာတွေ့မြင်နေရပြီဖြစ်သည်။

၂၀၀၄ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ ရိုးရာတေးဂီတ နှီးနှောဖလှယ်ပွဲနှင့်သုတေသနစာတမ်းဖတ်ပွဲတစ်ခုတွင် ကမ္ဘာကျော် ရိုးရာတေးဂီတဆိုင်ရာ သုတေသီပါမောက္ခကြီး ဒေါက်တာရောဘတ်ဂါးဖီးယား(စ်)ဆိုသူနှင့် တွေ့ဆုံသိကျွမ်းခဲ့ရသည်။ ဤပါမောက္ခကြီးသည် အရှေ့တောင်အာရှနိုင်ငံများ၏ ရိုးရာတူရိယာ ပစ္စည်းများနှင့် တေးဂီတတို့ကို အထူးစိတ်ဝင်စားကာ နှစ်စဉ်သွားရောက် လေ့လာသုတေသနပြုခဲ့သည်။ ဤသို့လေ့လာမှုပြုရာတွင် ပါမောက္ခကြီးသည် ထိုနိုင်ငံများရှိ ရိုးရာတူရိယာပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျကိုင်တွယ်တီးမှုတ်နိုင်အောင်လည်း ကြိုးစားသင်ယူခဲ့သည်။ လွန်ခဲ့သော နှစ်ပေါင်း ၄၀ကျော်ကာလက သူသည် မြန်မာနိုင်ငံသို့ရောက်ရှိလေ့လာခဲ့သည်။ မြန်မာ့ဆိုင်းဝိုင်း အတီးပညာနှင့် နှဲမှုတ်အတတ်ပညာများကို ၁၀လကြာခန့် လေ့လာသင်ယူခဲ့သည်။

ဤသို့လေ့လာသုတေသနပြုရင်း ပါမောက္ခကြီးသည် မြန်မာ့ရိုးရာတေးဂီတ၏ အဆင့်အတန်းမြင့်မားပုံကို တဖြည်းဖြည်းသိရှိလာခဲ့သည်။ မြန်မာ့ရိုးရာတေးဂီတများနှင့် ပတ်သက်၍လည်း သုတေသနစာတမ်းများ ရေးသားဖော်ပြခြင်းမျိုးကို ဆက်တိုက်ဆိုသလို ပြုလုပ်ခဲ့တော့သည်။ သူ၏စာတမ်းတစ်စောင်တွင် **"မြန်မာတို့၏ ရိုးရာတူရိယာနှင့် တေးဂီတတို့သည် အရှေ့တောင်အာရှ အိမ်နီးချင်းနိုင်ငံများမှာထက် ပို၍တောင့်တင်းခိုင်မာပြီး အဆင့်အတန်းမြင့်လှသည်"**ဟူ၍ ကောက်ချက်ချခဲ့သည်ကို ဖတ်ရှုခဲ့ရဖူးသည်။

ကမ္ဘောဒီးယားနိုင်ငံ သုတေသန စာတမ်းဖတ်ပွဲတွင်လည်း ပါမောက္ခကြီးသည် မြန်မာ့ဆိုင်းဝိုင်းအကြောင်းနှင့် ပတ်သက်၍ သူလေ့လာတွေ့ရှိခဲ့ရသမျှကို အသေးစိတ်တင်ပြ ဆွေးနွေးသွားပါသည်။ မြန်မာ့ဆိုင်းတူရိယာ၏ ထူးခြားပုံ၊ ကမ္ဘာပေါ်တွင်ရှိသော ထူးခြားသည့် ရိုးရာတူရိယာများအနက် အထူးခြားဆုံး တူရိယာတစ်ခုဖြစ်ပုံ၊ ဆိုင်းပညာရှင်များ၏ ပြောင်မြောက်သော တီးမှုတ်မှုအတတ်ပညာမှာ လွန်စွာအံ့သြချီးမွမ်းဖွယ်ရာဖြစ်ပုံ၊ မြန်မာတို့၏ တူရိယာသံစဉ် (၇)မျိုး တို့သည် အလွန်စိတ်ဝင်စားဖွယ်ကောင်းပုံ၊ အိမ်နီးချင်းနိုင်ငံများတွင် အသုံးပြုသော တူရိယာပစ္စည်းများကဲ့သို့ သံစဉ်တစ်ခုနှင့်တစ်ခုအကြား အကွာအဝေးချင်း မတူညီကြဘဲ အနည်းငယ်ကွဲပြားခြားနားချက်များရှိပုံ၊ ထိုအကြောင်းကိုလည်း အပေါ်ယံလေ့လာရုံမျှဖြင့် နားလည်ရန်ခက်ခဲပုံ၊ ဆိုင်းဝိုင်းတူရိယာကို တီးမှုတ်တတ်ရန်ပင် မဆိုထားနှင့် ပတ်စာကပ်ပြီး အသံညှိတတ်ရန်ပင် မလွယ်ကူပုံ၊ တီးမှုတ်ခါနီးကျမှ ပတ်စာကပ် အသံညှိကာ တီးမှုတ်ရသောနည်းသည် ယနေ့အခါတွင် မြန်မာ့ဆိုင်းဝိုင်းတစ်ခုတည်းတွင်သာ တွေ့မြင်နိုင်ပုံ အစရှိသည်ဖြင့် မြန်မာ့ဆိုင်းဝိုင်းတူရိယာ၏ ခက်ခဲနက်နဲ အဆင့်အတန်းမြင့်ပုံတို့အကြောင်းကို အကျယ်တဝင့် ရှင်းလင်းတင်ပြသွားခဲ့ပါသည်။

ဤစာတမ်းဖတ်ပွဲကာလအတွင်း၌ စာရေးသူနှင့် ပါမောက္ခ ဒေါက်တာရောဘတ်ဂါးဖီးယား(စ်)တို့သည် မြန်မာ့တေးဂီတနှင့် စပ်လျဉ်း၍ စကားလက်ဆုံကျ အမြင်ချင်းဖလှယ်မိကြပါသည်။ ပါမောက္ခကြီး တင်ပြသွားသော ပထမဦးဆုံးအချက်မှာ မြန်မာ့ဆိုင်းဝိုင်းတီးမှုတ်မှု သံစဉ်ပိုင်းနှင့် သက်ဆိုင်နေပါသည်။ ယခင်အစဉ်အလာ ဆိုင်းဝိုင်းတီးမှုတ်ပုံ စနစ်တွင် မြန်မာဂီတသံစဉ်(၇)မျိုးဖြစ်သော ညှင်းလုံးသံစဉ်၊ ခြောက်သွယ်ညွန့်သံစဉ်၊ မြင်စိုင်းသံစဉ်၊ အောက်ပြန်သံစဉ် အစရှိသော (၇)သံစဉ် စနစ်ကိုသာ အသုံးပြု တီးမှုတ်လေ့ရှိကြကြောင်း၊ သို့ရာတွင် မျက်မှောက်ခေတ်ကာလ အချို့သော ဆိုင်းဝိုင်းများတွင် အဆိုပါ(၇)သံစဉ်သာမကဘဲ အသံတစ်ခြမ်းမြင့်၊ အသံတစ်ခြမ်းနိမ့် (အနောက်တိုင်းအခေါ် "ရှပ်"၊ "ဖလက်")များ အသုံးပြုကာ အနောက်တိုင်း(၁၂)သံစဉ် စနစ်ဖြင့် တီးမှုတ်နေကြသည်ကို မိမိလေ့လာတွေ့ရှိနေရကြောင်း၊ ဤသည်မှာ အလွန်စိတ်မချမ်းမြေ့ဖွယ်ရာဖြစ်ကြောင်း၊ ရှေးဂီတပညာရှင်ကြီးများ တီထွင်ပေးခဲ့သော ရိုးရာအစဉ်အလာ ဂီတသံစဉ်များနှင့် တီးမှုတ်မှုနည်းစနစ်များကို မပျက်ယွင်းစေကောင်းပါကြောင်း၊ ဆက်လက်ထိန်းသိမ်းသွားသင့်ကြောင်း၊ အနောက်တိုင်းသံစဉ်များနောက်သို့ ရောယောင်လိုက်ပါသွားမည်ဆိုပါက မြန်မာတို့၏ အစဉ်အလာကောင်း တစ်ရပ်ဖြစ်သော (၇)သံစဉ်ဖြင့် တီးမှုတ်မှုနည်းစနစ်သည် တဖြည်းဖြည်း ကွယ်ပျောက်သွားနိုင်ကြောင်း၊ ဤကိစ္စကို အလေးအနက်ထားကာ ဝိုင်းဝန်းထိန်းသိမ်းပေးသွားကြရန် မိမိအကြံပြုလိုကြောင်း ပါမောက္ခက ပြောကြားသွားခဲ့သည်။ မြန်မာ့ဂီတအစဉ်အလာ၏ အဆင့်အတန်းမြင့်မှုနှင့် ထူးခြားကောင်းမွန်မှု တို့ကို ကိုယ်တိုင်လေ့လာ၊ တီးမှုတ်သိရှိခဲ့ရသော ပါမောက္ခကြီးက စေတနာအရင်းခံဖြင့် ယခုကဲ့သို့ အကြံပြု သတိပေးစကား ပြောကြားခဲ့ခြင်းဖြစ်ကြောင်း နားလည်သဘောပေါက်ပါသည်။ သူ၏သတိပေးစကား မှာလည်း အလွန်မှန်ကန်ပြီး အထူးတလည် စဉ်းစားလုပ်ဆောင်ကြရမည့် အကြံကောင်းများဖြစ်သဖြင့် ကျေးဇူးတင်စရာပင်ဖြစ်သည်။ မြန်မာ့ဆိုင်းပညာရှင်များ အထူးသတိပြုဆင်ခြင်သွားကြရန် လိုအပ်သည်ဟု မြင်မိပါသည်။

ပါမောက္ခက နောက်ထပ်သတိပြုရမည့် အချက်တစ်ရပ်ကို ထပ်မံတင်ပြပြန်ပါသည်။ ထိုအချက်မှာ မြန်မာ့စောင်းကောက်တွင် အနောက်တိုင်း ဂီတာများ၌ တပ်ဆင်အသုံးပြုသော "ကီး" ဒလက်များကို တပ်ဆင် အသုံးပြုနေခြင်းကိစ္စပင်ဖြစ်ပါသည်။ ပါမောက္ခက ထိုကိစ္စနှင့်ပတ်သက်၍ ဝေဖန်ပြောကြားရာ၌ မြန်မာ့စောင်းကောက်၏ အစဉ်အလာနည်းစနစ် တစ်ရပ်ဖြစ်သော ဘွဲ့ကြိုးဖြင့် အသံညှိခြင်း နည်းစနစ်သည် အလွန်အဆင့်အတန်းမြင့်ပြီး အလွန်ခက်ခဲသိမ်မွေ့သည့် နည်းစနစ်ကောင်းတစ်ခုဖြစ်ကြောင်း၊ ဤနည်းစနစ်ကို မပျောက်ပျက်မတိမ်ကောရလေအောင် ဆက်လက်ထိန်းသိမ်းသွားရန်သာ သင့်ပါကြောင်း၊ "ကီး"တပ်စောင်းများအသုံးပြုမှုများပြားလာပါက ရေရှည်ကာလတွင် မည်သူမျှအပင်ပန်းခံ ဘွဲ့ကြိုးဖြင့် ကြိုးညှိတီးကြတော့မည် မဟုတ်ကြောင်း၊ ဤသို့ဖြစ်လာပါက အဆိုပါ ဘွဲ့ကြိုးဖြင့် ကြိုးညှိနည်းသည် တဖြည်းဖြည်း တိမ်ကောပပျောက်သွားမည့်အန္တရာယ် ရှိနေပါကြောင်း၊ ဘွဲ့ကြိုးအသုံးပြု၍ ကြိုးညှိပြီးတီးမှုတ်ရသည့် မြန်မာ့စောင်းကောက်တီးနည်းပညာရပ်သည် ကမ္ဘာပေါ်တွင် မြန်မာတစ်နိုင်ငံတည်းတွင်သာ ထူးထူးခြားခြား တွေ့မြင်ရပါကြောင်း၊ ထို"ကီး"များ တပ်ဆင်မှုကြောင့်လည်း အလွန်လှပကျက်သရေရှိလှသော မြန်မာ့စောင်းကောက်၏ အလှကို အကျည်းတန်အရုပ်ဆိုးသွားစေပါကြောင်း ပါမောက္ခက အကြံပြု ပြောကြားခဲ့ပြန်ပါသည်။

မဟာဂီတသုတေသီတစ်ဦး

မြန်မာ့ရိုးရာတေးဂီတကို ပိုမိုတိုးတက်ပြန့်ပွားရလေအောင် ကြိုးပမ်းလုပ်ဆောင်သွားရန် လိုအပ်သည်မှန်သော်ငြားလည်း ထိုကဲ့သို့ ပိုမို တိုးတက်အောင် ကြံဆောင်ပြုလုပ်ကြရာ၌ ရိုးရာအစဉ်အလာကို မထိခိုက်စေဘဲ ဆောင်ရွက်သွားသင့်ကြသည်။ အနောက်တိုင်း တေးဂီတများကို အထင်ကြီးစိတ်များဝင်လာပြီး မိမိတို့၏ ယဉ်ကျေးမှုဘောင်အတွင်းသို့ အတင်းအကျပ် သွတ်သွင်းရန် ကြိုးပမ်းမည်ဆိုပါက အံ့ဝင်ခွင်ကျမှုရှိမည် မဟုတ်သလို၊ မြန်မာ့အစဉ်အလာကောင်းများသည်လည်း ပျက်ယွင်း ပျောက်ကွယ်ကြတော့မည်သာဖြစ်သည်။ မြန်မာ့ဂီတနှင့် ပတ်သက်၍ လေ့လာစရာမြောက်မြားစွာ ကျန်ရှိနေသေးသည်ကို အစဉ်အမြဲနှလုံးသွင်းနေရမည်။ ပညာရှင်ကြီးများ နည်းပါးလာနေပြီဖြစ်သော ယခုလို ကာလ၌ ကံကောင်းထောက်မ၍ အနည်းအကျဉ်း ကျန်ရှိနေသေးသည့် ပညာရှင်ကြီးများထံ ချဉ်းကပ်ကာ ပညာယူ ဆည်းပူးလေ့လာကြရန် လိုအပ်ပေသည်။ ရှေးပညာရှင်ကြီးများ၏ တီးမှုတ်ပုံတီးမှုတ်နည်းစနစ်များနှင့် သီဆိုပုံသီဆိုနည်းများကို ဆက်ခံရရှိထားကြသော ပညာရှင်ကြီးများထံ ချဉ်းကပ်မေးမြန်းခြင်းနှင့် ပညာယူခြင်းများကို မပြတ်ပြုလုပ်သွားကြရန်လည်းကောင်း၊ ရှေးပညာရှင်ကြီးများ၏ လက်ရာတီးလုံးတီးကွက်များ၊ (ဥပမာ-စောင်းဦးဘသန်း၊ ဆိုင်း ရွာစားကြီးစိန်ဗေဒါ၊ ဦးဟန်ပ၊ဦးဘမောင်အစရှိသည်)ကို နားထောင်ပညာယူခြင်းဖြင့်လည်းကောင်း၊ ရှေးခေတ် အဆိုပညာရှင်ကြီးများ၏ သီဆိုပုံများကို အသံသွင်းထားသည့် အသံသွင်းတိပ်ခွေများမှတစ်ဆင့် မပြတ်နားထောင် နည်းယူသွားခြင်းဖြင့်လည်းကောင်း၊ ပညာယူတတ်ကြရန် တိုက်တွန်းနှိုးဆော်လိုပါသည်။ ဤနည်းဖြင့် အဆင့်အတန်းမြင့်လှသော မြန်မာ့ယဉ်ကျေးမှု အနုသုခုမပညာစစ်စစ်များကို ဆက်လက် ထိန်းသိမ်းသွားနိုင်ကြပါစေဟူ၍လည်း ဆန္ဒပြုပါသည်။

မြန်မာ့ရိုးရာတေးဂီတ၏ အဆင့်အတန်းမြင့်ပုံကို ကြားသိထားကြသော ကမ္ဘာ့နိုင်ငံအသီးသီးမှ ရိုးရာတေးဂီတဆိုင်ရာ သုတေသီများ၊ ဂီတပညာရှင်ကြီးများ နှင့် ဘွဲ့ကြို၊ ဘွဲ့လွန် ဂီတပညာသင် ကျောင်းသားများသည် မြန်မာနိုင်ငံသို့ နှစ်စဉ်မပြတ် လာရောက်လေ့လာသုတေသနပြုနေကြပါသည်။ အချို့ပညာရှင်များနှင့် ဘွဲ့ကြို၊ ဘွဲ့လွန်ဂီတပညာသင်များဆိုလျှင် အကြိမ်ပေါင်းများစွာ လာရောက်လေ့လာ သုတေသနပြုသွားခဲ့ကြပါသည်။ စာရေးသူကြားသိထားရသမျှ မြန်မာ့တေးဂီတဖြင့် ဘွဲ့ကြို၊ ဘွဲ့လွန်စာတမ်းများ တင်သွင်းသွားကြသူ ၁၀ ဦးခန့် ရှိနေပေပြီ။ ထိုသူတို့အနက် နှစ်ဦးမှာ ပါရဂူဘွဲ့ပင် ဆွတ်ခူးသွားနိုင်ကြပေပြီ။ နောက်ထပ်နှစ်ဦးမှာလည်း ပါရဂူဘွဲ့အတွက် စာတမ်းများပြုစုနေကြဆဲဖြစ်ကြောင်း သိရှိထားရသည်။

မြန်မာ့ရိုးရာ တေးဂီတ၏ တန်ဖိုးကို သိရှိနားလည်ခဲ့ကြသော တိုင်းတစ်ပါးသား လူမျိုးခြားများကပင်လျှင် ဤမျှလေးစား တန်ဖိုးထားနေကြသည်ဖြစ်ရာ မြန်မာလူမျိုးတို့အတွက်ဆိုလျှင် ဆိုဖွယ်ရာမရှိတော့ပေ။ ၎င်းတို့ထက် အဆပေါင်းများစွာ ပို၍လေးစားတန်ဖိုး ထားကြရမည်ဖြစ်သည်။ ယခုအခြေအနေ ထက်ပို၍ အဆင့်အတန်းမြင့်မားရလေအောင်၊ ထွန်းကားပြန့်ပွားရလေအောင် ဆက်လက်ကြိုးပမ်းကြရပေဦးတော့မည်။ ဤသို့ ကြိုးပမ်းဆောင်ရွက်ကြရာ၌လည်း ရှေးအစဉ်အလာ"ဘောင်"အတွင်းမှပင် တိုးတက်အောင် ဆောင်ရွက်ကြရပါမည်။ အစဉ်အလာဘောင်မှ လွတ်ကင်းသော တီထွင်ကြံဆ လုပ်ဆောင်ခြင်းမျိုးကို ရှောင်ကြဉ်ကြရန် အရေးကြီးပါသည်။ "အရိုးပေါ်အရွက်မဖုံးစေနှင့်" ဆိုရိုးစကားအတိုင်း ယခင်ကရှိပြီးသား မြန်မာ့ဂီတ အစဉ်အလာကောင်းများအပေါ်တွင်သာ အခြေခံကာ ပိုမို တိုးတက်ကောင်းမွန်လာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရပါမည်။

ရှေးခေတ်ဂီတပညာရှင်ကြီးများ တီထွင်ဖော်ထုတ် လက်ဆင့်ကမ်း အမွေပေးခဲ့ကြသည့် မြန်မာမှုတေးသီချင်းကောင်းများနှင့် မဟာဂီတ သီချင်းကြီးများကို ထိခိုက်ပျက်ယွင်းစေနိုင်သည့် တီထွင်ဆန်းသစ်မှုမျိုး (ဥပမာ- သံစဉ်ပြောင်းလဲခြင်း၊ နရီစည်းဝါးပြောင်းလဲခြင်းမျိုး)ကို မပြုအပ်ပေ။ ထို့အပြင် အတိတ်ကာလက ကြိုး(၁၆)ပင်အထိသာ တပ်ဆင်အသုံးပြု တီးမှုတ်လာခဲ့သော မြန်မာ့စောင်းကို နောက်ထပ် ကြိုးအပင်ပေါင်းများစွာ ထပ်မံတပ်ဆင်တီးခတ်ရန် ကြိုးစားခြင်းမျိုးကိုလည်းကောင်း၊ အစဉ်အလာအားဖြင့် "လက်မ"နှင့် "လက်ညှိုး" နှစ်ချောင်းတည်းကိုသာ အသုံးပြုတီးခတ်လာခဲ့ကြရာမှ အဆန်းထွင်လိုသော စိတ်ကူးဖြင့် လက်ဝဲ၊ လက်ယာ လက်ချောင်းဆယ်ချောင်းလုံးကို အသုံးပြု တီးခတ်နိုင်အောင် တီထွင်ခြင်းမျိုးကိုလည်းကောင်း လုံးဝမပြုလုပ်အပ်ချေ။

ရှေးဂီတပညာရှင်ကြီးများ တီထွင်ကြံဆပြုလုပ်ခဲ့ကြသော မြန်မာ့ရိုးရာတူရိယာများသည် တစ်ချိန်တည်း၌ အသံနှစ်သံသာ တစ်ပြိုင်နက် ထွက်ပေါ်လာစေရန် ရည်ရွယ်၍ တီထွင်ကြံဆပြုလုပ်ခဲ့ကြသည့် တူရိယာ ပစ္စည်းမျိုးများဖြစ်ကြသည်။ (ဥပမာ-စောင်း၊ ပတ္တလား၊ ဆိုင်း စသည်) ဤကဲ့သို့ အသံနှစ်သံတစ်ပြိုင်တည်းထွက်ပေါ်မှုအပေါ်တွင်မူတည်ကာ တေးသွားသံစဉ်ကိုလှပစွာ အကွက်ဖော် တီးမှုတ်သွားကြရပါသည်။ အနောက်တိုင်း စန္ဒရားတူရိယာမျိုးကဲ့သို့ တစ်ပြိုင်တည်းတွင် အသံနှစ်သံမှဆယ်သံအထိ ထွက်ပေါ်လာအောင် ပြုလုပ်ထားသော တူရိယာမျိုးများ မဟုတ်ဆိုသည်ကို သတိပြုကြရပါမည်။

> **မြန်မာ့ရိုးရာတေးဂီတကို ပိုမိုတိုးတက်ပြန့်ပွားရလေအောင် ကြိုးပမ်းလုပ်ဆောင်သွားရန် လိုအပ်သည်မှန်သော်ငြားလည်း ထိုကဲ့သို့ ပိုမိုတိုးတက်အောင် ကြံဆောင်ပြုလုပ်ကြရာ၌ ရိုးရာအစဉ်အလာကို မထိခိုက်စေဘဲ ဆောင်ရွက်သွားသင့်။ အနောက်တိုင်း တေးဂီတများကို အထင်ကြီးစိတ်များ ဝင်လာပြီး မိမိတို့၏ ယဉ်ကျေးမှုဘောင်အတွင်းသို့ အတင်းအကျပ် သွတ်သွင်းရန် ကြိုးပမ်းမည်ဆိုပါက အံ့ဝင်ခွင်ကျမှုရှိမည် မဟုတ်သလို၊ မြန်မာ့အစဉ်အလာကောင်းများသည်လည်း ပျက်ယွင်း ပျောက်ကွယ်ကြတော့မည်သာဖြစ်။**

အထက်က ဖော်ပြခဲ့သော သတိပြုဖွယ် အချက်များကို အလေးအနက်ထားကာ ယနေ့မျိုးဆက်သစ် လူငယ်ကလေးများအနေဖြင့် မိမိတို့၏ ရိုးရာတေးဂီတကို စနစ်တကျ ဆက်လက်ထိန်းသိမ်း၊ တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်သွားနိုင်မည့် "ဂီတလူရည်ချွန်လူရည်မွန်" များ ဖြစ်လာကြပါစေ ဟူ၍ ဆုမွန်ကောင်း တောင်းလိုက်ရပါတော့သည်။ ။

ချယ်လ်ဆီး၏အိမ်ကွင်း ရှုံးပွဲမရှိစံချိန် လီဗာပူးက ချိုးဖျက်ပစ်လိုက်ပြီ

မြင့်မောင်စိုး - စုစည်း၍ သန်းအေး စာမျက်နှာဖွဲ့ စည်းသည်

လန်ဒန် အောက်တိုဘာ ၂၆

ပရီမီယာလိဂ်ပွဲစဉ်(၉) ဘောလုံးပြိုင်ပွဲများကို အောက်တိုဘာ၂၆ရက် ညနေပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အမှတ်ပေးဇယားတွင် ဦးဆောင်နေသော ချယ်လ်ဆီးအသင်းအား ဒုတိယနေရာရောက် လီဗာပူးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီးထိပ်ဆုံးနေရာယူလိုက်သည်။

ထိပ်ဆုံးမှဦးဆောင်

လီဗာပူးအသင်းတို့ ယင်းပွဲတွင် ခြေစွမ်းပြကစားခဲ့ပြီး ချယ်လ်ဆီးတို့၏ အိမ်ကွင်း ဖြစ်သော စတန်းဖို့ဒ်ဘရစ်၌ ပရီမီယာလိဂ်ပြိုင်ပွဲ ၈၉ပွဲ ရှုံးပွဲမရှိစံချိန်တင်ထားခြင်းကို ချိုးဖျက်အနိုင်ယူခဲ့သည်။ ယင်းပွဲတွင် လီဗာပူးက ချယ်လ်ဆီးအသင်းကို အနိုင်ရလိုက်၍ အမှတ်ပေးဇယား၌ သုံးမှတ်အသာရရှိကာ ရမှတ်၂၃မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့သည်။

အဆုံးသတ်အနိုင်ဂိုး

လီဗာပူးအသင်း၏ တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲစပြီး ၁၀မိနစ်အကြာတွင် ဇာဘီအလွန်ဆိုက သွင်းယူခဲ့ခြင်းဖြစ်သည်။ ချယ်လ်ဆီးအသင်းသည် ၂၀၀၄ခုနှစ် ဖေဖော်ဝါရီမှစပြီး အိမ်ကွင်းရှုံးပွဲမရှိ စံချိန်တင်ထားခဲ့သည်။ ယင်းစံချိန်သည် အလွန်ဆို၏ တစ်လုံးတည်းသော အနိုင်ဂိုးဖြင့် အဆုံးသတ်သွားခဲ့ပြီဖြစ်သည်။

ဂုဏ်ယူဝင့်ကြွား

လီဗာပူးနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်က ဖာနန်ဒိုတောရက်စ် မပါဘဲ ချယ်လ်ဆီးကို အနိုင်ရလိုက်ခြင်းကြောင့် ထိုက်တန်သော အောင်ပွဲဖြစ်ကြောင်း ဂုဏ်ယူဝင့်ကြွားစွာ ပြောကြားလိုက်သည်။

ချယ်လ်ဆီးတို့ ဘောလုံးပိုင်ဆိုင်မှု အချိန်အကြာဆုံးဖြင့် တိုက်စစ်ဆင်ကစားခဲ့သော်လည်း အဆုံးသတ်မပိုင်ခြင်းကြောင့် ချေပဂိုးမရခဲ့ခြင်းဖြစ်သည်။ လီဗာပူးတို့ ယင်းပွဲ၌ အနိုင်ရရှိခဲ့ခြင်းကြောင့် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် မန်ယူနှင့် ချယ်လ်ဆီးတို့ကဲ့သို့ ဖိုလ်စွဲနိုင်သည့် ရေပန်းအစားဆုံးအသင်းများတွင် ပါဝင်လာသည်။

အခြားရလဒ်များ

မန်စီးတီး	၃ - ၀	စတုတ်
တော့တင်ဟမ်	၂ - ၀	ဘော်လ်တန်
ဝီဂန်	၀ - ၄	အက်စ်တွန်ဗီလာ
ဝက်စ်ဟမ်း	၀ - ၂	အာဆင်နယ်
ပို့စ်မောက်	၁ - ၁	ဖူလ်ဟမ်

ပွဲစဉ်(၉)အပြီး ပရီမီယာလိဂ်အသင်းများရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	လီဗာပူး	၉	၇	၂	၀	၂၃
၂	ချယ်လ်ဆီး	၉	၆	၂	၁	၂၀
၃	ဟူးလ်စီးတီး	၉	၆	၂	၁	၂၀
၄	အာဆင်နယ်	၉	၆	၁	၂	၁၉
၅	အက်စ်တွန်ဗီလာ	၉	၅	၂	၂	၁၇
၆	မန်ယူ	၈	၄	၃	၁	၁၅
၇	ပို့စ်မောက်	၉	၄	၂	၃	၁၄
၈	မန်စီးတီး	၉	၄	၁	၄	၁၃
၉	ဝက်စ်ဟမ်း	၉	၄	၁	၄	၁၃
၁၀	ဆန်းဒါးလန်း	၉	၃	၃	၃	၁၂
၁၁	ဘလက်ဘန်း	၉	၃	၃	၃	၁၂
၁၂	မစ်ဒယ်ဘရော့	၉	၃	၁	၅	၁၀
၁၃	ဝက်စ်ဘရွန်း	၉	၃	၁	၅	၁၀
၁၄	အဲဗာတန်	၉	၂	၃	၄	၉
၁၅	ဝီဂန်	၉	၂	၂	၅	၈
၁၆	ဘော်လ်တန်	၉	၂	၂	၅	၈
၁၇	ဖူလ်ဟမ်	၈	၂	၂	၄	၈
၁၈	စတုတ်	၉	၂	၁	၆	၇
၁၉	နယူးကာဆယ်	၉	၁	၃	၅	၆
၂၀	တော့တင်ဟမ်	၉	၁	၂	၆	၅

(အင်တာနက်)

ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက် မဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၆

ပဲခူးမြို့ ကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက် အကြိမ်(၆၀)မြောက် မဟာဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် အဆိုပါစာသင်တိုက်၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို တက်ရောက်ကြည်ညို ဆက်ကပ်လှူဒါန်းသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဗိုလ်ချုပ်ကိုကိုနှင့်အဖွဲ့ဝင်များသည် ပဲခူးမြို့နယ် မယင်းကျေးရွာ ကွင်းအမှတ် (၆၅၉-က)၌ ကျင်းပသည့် ၂၀၀၈ ခုနှစ် မိုးစပါးစက်ကွက်ရိတ်သိမ်းပွဲသို့တက်ရောက်ပြီး မိုးစပါးစက်ကွက်ရိတ်သိမ်းနေမှု၊ စပါးရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းခြွေလှေ့နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ရိတ်သိမ်းနိုင်

အဆိုပါစက်ကွက်ရိတ်သိမ်းမှုမှ ဆင်းသွယ်လတ်စပါးမျိုးသည် တစ်ဧကလျှင် ၁၀၄ တင်းခန့်ထွက်ရှိပြီး စက်ကွက်ရိတ်သိမ်းရာတွင် အသုံးပြုသည့် မြင်းကျားပခုံးလွယ် ရိတ်သိမ်းစက်သည် တစ်ရက်လျှင် နှစ်ဧကနှုန်း၊ AMR - ၉၉၄ ရိတ်သိမ်းစက်သည် တစ်ရက်လျှင် ခြောက်ဧကနှုန်း ရိတ်သိမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

* ကျော့ဖုံးမှ

အသံဗလံ ညစ်ညမ်းမှုအခြေအနေကို လောကဓာတ်သိပ္ပံဆရာများက သိပ္ပံနည်းကျ လေ့လာစေ့ငုကြသည်။

အသံအတိုးအကျယ်ကို အသံပြင်းအား (Noise Intensity) ဟုခေါ်ပြီး အသံပြင်းအားကို တိုင်းတာသည့် ယူနစ်မှာ ဒက်စီဘဲလ် (Decibel) ၊ အတိုကောက်အားဖြင့် ဒီဘီ ဖြစ်သည်။ သာမန်လူတစ်ဦး ကြားနိုင်သည့် အနိမ့်ဆုံးအသံမှာ တစ်ဒက်စီဘဲလ်ဖြစ်သည်။ စက်သံပြင်းသော ထရပ်ကားသံမှာ ဒီဘီ၉၀၊ တူထုရိုက်သံမှာ ၉၄ဒီဘီ၊ ဂျက်လေယာဉ်ပျံတက်သံမှာ ဒီဘီ၁၅၀ ရှိသည်။

လူ့ကျန်းမာရေးထိခိုက်

၄၅ဒီဘီရှိသည့် ဆူညံသံကို အဆက်မပြတ်ကြားနေရသော သာမန်လူတစ်ဦးမှာ အိပ်ပျော်တော့မည် မဟုတ်ပေ။ လူတို့ကို အနှောင့်အယှက်ဖြစ်စေသော အသံဗလံမှန်သမျှမှာ ဆူညံသံဖြစ်ပြီး ၈၅ဒက်စီဘဲလ်ခန့်မှစ၍ သောတအာရုံကို ပျက်စီးအောင် လုပ်ဆောင်နိုင်သည်။ ဆူညံနေသည့် အသံဗလံများနှင့် ကာလကြာရှည်စွာ ထိတွေ့ရလေလေ လူ့ကျန်းမာရေးကို ထိခိုက်လေလေဖြစ်သည်။

ဆူဆူညံညံ အသံဗလံများတွင် မော်တော်ကားဟွန်းသံ၊မီးရထားခုတ်မောင်းသံ၊ လေယာဉ်ပျံသံမှသည် ကလေးငိုသံနှင့် စကားကျယ်ကျယ်ပြောသံတို့ပါဝင်သည်။ ၎င်းအပြင် အသံချဲ့စက် အသုံးပြုသော တေးဂီတသံ(amplified music)၊ အလွန်ကျယ်လောင်သော ဆိုင်းသံဗုံသံတို့မှာလည်း ဆူညံသံများပင်ဖြစ်သည်။ အမေရိကန်နိုင်ငံတွင် ကျယ်လောင်သည့် တေးဂီတသံကို အမြဲနားထောင်လေ့ရှိသူ လူငယ်များ၏ သောတအာရုံတုံ့ပြန်နိုင်စွမ်း (hearing sensitivity)တစ်နှစ်ထက်တစ်နှစ် ပိုမိုလျော့နည်းလာကြောင်း သုတေသနလေ့လာချက်အရ သိရသည်။

ခံစားရစေနိုင်

အသံဗလံကြောင့် နား၏နာကျင်မှု (ear pain)ဖြစ်ပေါ်နိုင်ပြီး အကြားအာရုံ ဆုံးရှုံးမှု (hearing loss)ဘေးအန္တရာယ်လည်းရှိသည်။ ဆူဆူညံညံအသံများကြောင့် အိပ်ရေးပျက်ခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်ခြင်း၊ ရင်ပူနာ (heart burn) ခံစားရခြင်း၊ အစာမကြေခြင်းနှင့် သွေးတိုးရောဂါ ခံစားရခြင်းတို့ ဖြစ်ပေါ်နိုင်သည့်အပြင် နှလုံးရောဂါကိုပင် ခံစားရစေနိုင်ကြောင်း လေ့လာတွေ့ရှိရသည်။

ဆူညံသံကြောင့် အများပြည်သူ၏ ကျန်းမာရေးကို ထိခိုက်နိုင်ခြင်းကြောင့် ကမ္ဘာ့နိုင်ငံအချို့တွင် ဆူညံသံထိန်းချုပ်ရေး အက်ဥပဒေ (Noise Control Act) ကို ပြဋ္ဌာန်းလာရသည်။

စက်မှုဖွံ့ဖြိုးသော နိုင်ငံများတွင် ၉၅ဒီဘီပြင်းအားရှိသည့် ဆူညံသံများကို

ဂျက်လေယာဉ် ဝေဟင်သို့ပျံတက်သံသည် အသံပြင်းအားအရ ဒက်စီဘဲလ် ၁၅၀ ရှိသည်။

ဆက်တိုက်ကြားနေရသော စက်ရုံလုပ်သားတို့မှာ နားလေးသူများဖြစ်လာတတ်သည်။ ဤသို့ဖြင့် စက်ရုံလုပ်သားများအတွက် ဆူညံသံ အကာအကွယ်ပေးရေးအစီအစဉ်များ ချမှတ်လုပ်ဆောင်ရန် လိုအပ်သည်။

ယာဉ်ရထားများကြောင့် ဆူညံသံ ပေါ်ထွက်ရသလို မြို့ရွာအိုးအိမ်စီမံကိန်းများ ရေးဆွဲမှု ညံ့ဖျင်းခြင်းကြောင့်လည်း အသံညစ်ညမ်းမှု ဖြစ်ပေါ်ရသည်။ စက်ရုံများနှင့်လူနေအဆောက်အအုံများကို အတူယှဉ်တွဲ တည်ဆောက်ခြင်းဖြင့် လူနေရပ်ကွက်တွင် အသံညစ်ညမ်းမှုဖြစ်ပေါ်လာမည်မှာ မလွဲဧကန်ပင် ဖြစ်သည်။

ရုံးသုံးကိရိယာများ၊ စက်ရုံသုံး စက်ပစ္စည်းများ၊ လျှပ်စစ်ဓာတ်အားသုံး စက်ကိရိယာများ စသည်တို့မှ အသံဗလံများ ပေါ်ထွက်နိုင်သကဲ့သို့ ညကပွဲရုံခန်းမမှလည်းဆူညံသည့်ဂီတသံပေါ်ထွက်နိုင်သည်။

လမ်းပေါ်မှ ဆူညံသံပေါ်ထွက်နိုင်သည့်နည်းတူ နေအိမ်တွင်းမှလည်း အသံဗလံများ ပေါ်ထွက်တတ်သည်။ သစ်သီးရည်မွှေစက်၊ အဝတ်လျှော်စက်၊ ရေခဲသေတ္တာနှင့် မြက်ရိတ်စက်တို့မှအသံများပေါ်ထွက်တတ်သည်။

ဆူညံသံများဖြင့် ထိတွေ့ ဆက်ဆံလုပ်ကိုင်ရသူများတွင် လေယာဉ်စက်ပြင် အင်ဂျင်နီယာများအပြင် ဒုံးပျံတည်ဆောက်ရေးလုပ်ငန်းမှ ယာဉ်၏အသွားနှုန်းကို စမ်းသပ်ရသော နည်းပညာရှင်များနှင့် အမြောက်လက်နက်များကို စမ်းသပ်ပေးရသော စစ်သည်များ ပါဝင်သည်။

ဆိုးကျိုး

ဆူဆူညံညံအသံဗလံကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများ (environmental effects) ဖြစ်ပေါ်နိုင်သည်။

ပျက်စီးနိုင်

ဆူညံသံကြောင့် သတ္တဝါများ၏ ကျက်စားနေထိုင်မှု ဘဝကို ထိခိုက်စေနိုင်သည်။ တောရိုင်းတိရစ္ဆာန်များသည် အစာရှာဖွေရာတွင်လည်းကောင်း၊ ရန်သူချဉ်းကပ်လာမှုကို စနည်းနာရာတွင်လည်းကောင်း အသံကိုနားစွင့်ကာ လှုပ်ရှားလေ့ရှိသည်။ တိရစ္ဆာန်များသည် မိတ်လိုက်ခြင်းနှင့် တစ်ကောင်နှင့်တစ်ကောင် ဆက်သွယ်ခြင်းတို့အတွက် အသံ(Sound) ကို နားစွင့်လေ့ရှိရာ သဘာဝအသံမှအပ လူလုပ်အသံများသည် တိရစ္ဆာန်တို့၏ ကျက်စားနေထိုင်မှုကို ပျက်စီးနိုင်သည်။

အသံလှိုင်း

ပင်လယ်ပြင်တွင် ကျက်စားသည့် ဝေလငါးနှင့် အခြားသောသတ္တဝါများသည် စစ်သင်္ဘောများ၏ဆိုနာ(sonar) ကိရိယာ အသုံးပြုမှုကြောင့်အသက်ဆုံးရှုံးရနိုင်ကြောင်း လေ့လာချက်များအရ သိရသည်။ ဆိုနာကိရိယာဆိုသည်မှာ အသံလှိုင်းပဲ့တင်ပြန်မှုဖြင့်ရေအောက်ရှိ အရာဝတ္ထုများတည်ရှိမှုကို ထောက်လှမ်းပေးသော ကိရိယာဖြစ်သည်။

ဆူညံသံ အန္တရာယ်

သို့ဖြစ်ပေရာ ဆူညံသံအန္တရာယ်ကို ထိန်းချုပ်နိုင်အောင် လုပ်ဆောင်ကြမှသာ သာယာလှပသော သဘာဝပတ်ဝန်းကျင်ကို ဖန်တီးနိုင်ပေလိမ့်မည်ဟု ဆိုလိုက်ရပါသည်။ ။ **ကိုးကား-အင်တာနက်**

လူသတ်မှုကျူးလွန်သူ တရားခံအား ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံးမှ ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် အောက်တိုဘာ ၂၆

ရန်ကုန်မြို့ သာကေတမြို့နယ်အတွင်း လူသတ်မှုကျူးလွန်သူ တရားခံအား ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး ဒုစရိုက်နှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များက ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဓားဖြင့်ခုတ်

ဖြစ်ပွားပုံမှာ အောက်တိုဘာ ၁၃ ရက် ည ၈ နာရီခွဲတွင် သာကေတမြို့နယ် (၃)ရန်ပြေရပ်ကွက် သုမနလမ်းနှင့် မင်းနန္ဒာလမ်းထောင့်ရှိ ဦးခင်အောင်လင်းပိုင် သစ်ဆိုင်ထဲသို့ ပြေးဝင်လာသူ ထွန်းထွန်းဝင်း (အသက်၃၀) (ဘ) ဦးလှိုင်ဝင်း မင်းရဲကျော်စွာလမ်း (၃)ရန်ပြေ ရပ်ကွက် သာကေတမြို့နယ် နေသူအား အငှားယာဉ်ဖြင့် နောက်မှလိုက်လာသူတစ်ဦးက ဓားဖြင့်ထိုးခုတ်ရာ ထွန်းထွန်းဝင်းတွင် လက်ဖျံပြတ်ရှဒဏ်ရာ၊ ရင်အုံထိုးသွင်းဒဏ်ရာ၊ လည်ပင်းပြတ်ရှ ဒဏ်ရာများဖြင့် သေဆုံးခဲ့သဖြင့် သာကေတ အမှတ်(၁)ရဲစခန်းမှ(ပ)၇၅၁/၂၀၀၈၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ၃၀၂ဖြင့်အမှုဖွင့်အရေးယူခဲ့သည်။

ဖမ်းဆီးရမိ

ပြစ်မှုကျူးလွန်သူ တရားခံအား ဖော်ထုတ် ဖမ်းဆီးနိုင်ရေးအတွက် စုံစမ်းခဲ့ရာ ပြစ်မှုကျူးလွန်သူမှာ ကရင်လေး(ခ) အောင်မြိုင်ဖြစ်ကြောင်း သိရှိရ၍ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး ဒုစရိုက်နှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များက အဖွဲ့ငယ်များခွဲကာ စုံစမ်းရှာဖွေခဲ့ရာ ကရင်လေး(ခ) အောင်မြိုင်**(ဝဲပုံ)** အမှတ်(၆၁/က)ဗိုလ်ဆွန်ပက်လမ်း ဗိုလ်ထွန်းဇံရပ်ကွက် ဒေါပုံမြို့နယ်နေသူအား အောက်တိုဘာ ၁၄ ရက် ည၆နာရီတွင် သာကေတမြို့နယ် တိုင်းရင်းသား ကျေးရွာအနီးရှိ နဝရတ်ဓာတ်အားပေးစက်ရုံရှေ့ လမ်းမပေါ်တွင် ဖမ်းဆီးရမိခဲ့သည်။

သိမ်းဆည်းနိုင်

ကရင်လေး (ခ) အောင်မြိုင်အား စစ်ဆေးရာ လူသတ်မှုကျူးလွန်ကြောင်း ဝန်ခံပြီး ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သော သက်သေခံပစ္စည်းများအား သာကေတမြို့နယ် (၁၀)ရပ်ကွက် မြနန္ဒာအိမ်ရာရှေ့ ရှုခင်းသာလမ်းဘေး ချုံပုတ်အတွင်းသို့ လွှင့်ပစ်ခဲ့ကြောင်း ထွက်ဆိုသဖြင့် သွားရောက်သိမ်းဆည်းရာ အရိုးအသွား ၃၂ လက်မရှိ သတ္တုရိုးတပ် ငှက်ကြီးတောင်ဓားရှည် တစ်ချောင်း၊ အရိုးအသွား ၁၀ လက်မခန့်ရှိ သစ်သားရိုးတပ် ထိပ်ဦးချွန် သုံးမြှောင့်ပုံ စကေဘာ တစ်ချောင်း၊ ဘောင်းဘီတိုတစ်ထည်၊ တီရှပ်လက်တို တစ်ထည်တို့အား သိမ်းဆည်းနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

❒ ကျော့ဖုံးမှ

အဆိုပါ လကမ္ဘာဆင်းယာဉ်ကို နာဆာသိပ္ပံပညာရှင် အဖွဲ့တစ်ဖွဲ့က အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်မြောက်ပိုင်း တောင်ကုန်းတောင်တန်းနှင့် ကျောက်တုံးများ ထူထပ်သည့် နေရာများ၌ စမ်းသပ်မောင်းနှင် ပြသခဲ့သည်။ ၎င်းလဆင်းယာဉ်သည် ဘီး ၁၂လုံး ပါရှိသည်။

ပြသထားသည့် လကမ္ဘာဆင်းယာဉ်သည် အာကာသယာဉ်မှူးများအတွက် လုံခြုံဘေးကင်းစွာဖြင့် သက်သောင့်သက်သာ မောင်းနှင်သွားလာနိုင်မည်ဖြစ်ကြောင်း နာဆာအစီအစဉ် ညွှန်ကြားရေးမှူး ဒေါက်ခရိတ်က ပြောကြားသည်။

အကောင်းဆုံးဖြစ်

၎င်းယာဉ်သည် တစ်နာရီလျှင် ခြောက်မိုင်နှုန်း မောင်းနှင်နိုင်ပြီး ဘက်ထရီအားဖြင့် မောင်းနှင်နိုင်ကြောင်း သိရသည်။ လာမည့် ဆယ်စုနှစ်အတွင်း လကမ္ဘာသို့ ဆင်းသက်မည့် ယင်းယာဉ်သည် အကောင်းဆုံးဖြစ်လာလိမ့်မည်ဟု သိပ္ပံပညာရှင်များက ပြောကြားသည်။

နာဆာအဖွဲ့က ယင်းအာကာသယာဉ်ဖြင့် ၂၀၂၀ပြည့်နှစ်တွင် လကမ္ဘာသို့ အာကာသယာဉ်မှူးနှစ်ဦး သွားရောက်ရေးအတွက် အရီဇိုးနားပြည်နယ် ဘလက်ပွိုင့်၌ လမျက်နှာပြင်တွင် တွေ့ကြုံရမည့် အခြေအနေများအတိုင်း စမ်းသပ်မှုများ ကြိုတင်ပြုလုပ်လျက်ရှိသည်။ (အင်တာနက်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို
ဧရာဝတီတိုင်းအတွင်း မိုးစပါးစံကွက်ရိတ်သိမ်းမှုနှင့် တိုင်းစစ်ဌာနချုပ် မွေးမြူရေးကုန်ထုတ်စခန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၆

ဧရာဝတီတိုင်းဟင်္သာတမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုသည် ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၂၄ရက် နံနက် ၇နာရီ၄၅မိနစ်က ဟင်္သာတမြို့နယ် ကျောင်းကွင်းကျေးရွာ ကွင်းအမှတ်(၁၅၂၁)သို့ ရောက်ရှိပြီး မိုးစပါးပန်းတိုင် စံကွက်ရိတ်သိမ်းနေမှုကိုလည်းကောင်း၊ မိုးစပါး၊ ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံမျိုးစေ့များ၊ လယ်ယာသုံးစက်ကိရိယာများ၊ စိုက်ပျိုးရေးသုံး ဇီဝမြေသြဇာများနှင့်ရွက်ဖျန်းဆေးများ ခင်းကျင်းပြသထားမှု၊ စပါးရိတ်သိမ်းခြွေလှေ့နေမှုတို့ကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် ကျုံပျော်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဌာနဆိုင်ရာများနှင့်လည်းကောင်း၊ ကျုံပျော်မြို့ နယ်မြေခံတပ်ရင်း ခန်းမ၌ အရာရှိစစ်သည်မိသားစုဝင်များနှင့်လည်းကောင်း တွေ့ဆုံသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဗိုလ်ချုပ်ကိုကိုနှင့်အဖွဲ့ဝင်များသည် ကျုံပျော်မြို့နယ် အောင်ဆန်းရပ်ကွက် ကွင်းအမှတ်(၁၀၀၁)၌ မိုးစပါးစံကွက်ရိတ်သိမ်းနေမှု၊ စပါးခြွေလှေ့နေမှု၊ မိုးစပါးများ၊ ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံမျိုးစေ့များ၊ တီကျစ်စာမှ မြေသြဇာထုတ်လုပ်မှုနှင့်စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ ခင်းကျင်းပြသထားမှုများကိုလည်းကောင်း၊ ပုသိမ်မြို့နယ် အပင်နှစ်ဆယ်ကျေးရွာရှိ အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ မျိုးကြက်ခြံနှင့် ကြက်သားပေါက် ထုတ်လုပ်ဖြန့်ဖြူးရေးစခန်းကိုလည်းကောင်း၊ တိုင်း စစ်ဌာနချုပ် မွေးမြူရေး ကုန်ထုတ်စခန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

မိုးစပါးစံကွက်ရိတ်

ဗိုလ်ချုပ်ကိုကိုနှင့်အဖွဲ့သည် အောက်တိုဘာ ၂၅ရက် နံနက် ၈နာရီခွဲတွင် ကန်ကြီးထောင့်မြို့နယ် မိချောင်းတစ်ရာကျေးရွာ ကွင်းအမှတ်(၁၇၂-A/၆၈)၌ ကျင်းပသည့် မိုးစပါးစံကွက် ရိတ်သိမ်းပွဲသို့ သွားရောက်၍ မိုးစပါးစံကွက်ရိတ်သိမ်းနေမှု၊ ဆင်းသုခစပါး၊ ဆင်းသုခဆန်နှင့် ဆင်းသုခထမင်းနမူနာပြသထားမှုနှင့် စပါးခြွေလှေ့စက်ဖြင့် ခြွေလှေ့နေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းမှုမှ ဆင်းသုခစပါးမျိုးမှာ တစ်ဧကတင်း၁၂၀ခန့် ထွက်ရှိကြောင်း သိရသည်။

အားပေး

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် ကျောင်းကုန်းမြို့နယ် လက်ပန်ချောင်းကျေးရွာ၌ကျင်းပသည့် မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ရောက်ရှိ၍ ကျောပိုးစပါးရိတ်စက်နှင့် လယ်ယာ-၁၆စပါးရိတ်စက်တို့ဖြင့် မိုးစပါးများ ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးသည်။ **(သတင်းစဉ်)**

ပန်းတနော်မြို့နယ်တွင် မိုးစပါးစံကွက်ရိတ်သိမ်း

ရန်ကုန် အောက်တိုဘာ ၂၆

ဧရာဝတီတိုင်း မအူပင်ခရိုင်ပန်းတနော်မြို့နယ် ကျုံတုံလေးကျေးရွာအုပ်စု ဘုရားကြီးဘက်ကျေးရွာရှိ လယ်သမား ဦးကျော်သန်းအောင်၏ လယ်မြေတစ်ဧကတွင် ဈူပရင်းကုမ္ပဏီများအုပ်စုမှ သိပ္ပံနည်းကျနည်းပညာစံနှုန်းအရထုတ်လုပ်သည့် ဘိုင်အိုစူပရင်း ဇီဝမြေသြဇာကို ဆင်းနွယ်ရင်စပါးမျိုးတွင် မြေခံအဖြစ် နှစ်အိတ်အသုံးပြုပြီး မှုကပ်ချိန်တွင် ဘိုင်အိုစူပရင်း ဇီဝမြေသြဇာတစ်အိတ်နှင့် ယူရီးယားဓာတ်မြေသြဇာ(၃/၄)အိတ် ထည့်၍ စိုက်ပျိုးခဲ့ရာ အောက်တိုဘာ ၂၀ရက် နံနက်ပိုင်းက အဆိုပါ မိုးစပါးစိုက်ခင်း၌ စံကွက်ရိတ်သိမ်းပွဲ ကျင်းပသည်။

စံကွက်ရိတ်သိမ်းပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြဦးက အမှာစကားပြောကြားပြီး ဈူပရင်းကုမ္ပဏီများအုပ်စုမှ အကြံပေးပုဂ္ဂိုလ် ဦးစိုးမြင့်က ဘိုင်အိုစူပရင်းဇီဝမြေသြဇာသုံးစွဲပုံသုံးစွဲနည်းကို ရှင်းလင်းပြောကြားပြီး ဆင်းနွယ်ရင်စပါးစံကွက်ရိတ်သိမ်းရာတစ်ဧကေ အထွက်နှုန်း ၁၀၁ဒသမ၀၅တင်း ထွက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရေး အလှူငွေများပေးအပ်

ရန်ကုန် အောက်တိုဘာ ၂၆

ရန်ကုန် စက်မှုတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့မှ မြို့ပြအင်ဂျင်နီယာဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် ပြည်တွင်း ပြည်ပ ဆရာကြီးများအား ပူဇော်ကန်တော့ပွဲ ကျင်းပနိုင်ရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၅ရက်က ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ၁၉၈၁ခုနှစ် မြို့ပြအင်ဂျင်နီယာဘွဲ့ရ ကျောင်းသား ကျောင်းသူများ၏ကိုယ်စား ဦးကျော်ဆန်းက ငွေကျပ်၁၀သိန်းကို ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းကျော် (၁၉၇၁)ထံ ပေးအပ်လှူဒါန်းသည်။**(အောက်ပုံ)** **(မြန်မာ့အလင်း)**



အငှားယာဉ်မောင်းများအား အသိပညာပေး ဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၂၆

ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ရုံးဦးစီးမှူး ဒုတိယရဲမှူးမြင့်အောင်သည် ဒဂုံမြို့နယ် ခရေပင်လမ်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အငှားယာဉ်လုပ်ငန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အငှားယာဉ်မောင်း ၇၀ တို့အား အောက်တိုဘာ ၂၁ရက် နံနက်က ယာဉ်မတော်တဆမှုအန္တရာယ် ကင်းဝေးစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာများအား အသိပေး ပညာပေးဟောပြောပို့ချကြောင်း သိရသည်။**(အောက်ပုံ)** **(ယာဉ်ထိန်းရဲတပ်ဖွဲ့)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

လမ်းပေါ်မှ ဘောလုံးပွဲ တားမြစ်ပေးပါ

စာတည်းရှင့်-

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ၁၂/၁၃ ရပ်ကွက် မင်္ဂလာလမ်းပေါ်၌ နေ့စဉ် စည်းကမ်းမဲ့စွာ ဘောလုံးကန်လျက်ရှိရာ လမ်းသွားလမ်းလာများအား မကြာခဏ ဘောလုံးထိမှန်ခြင်း၊ ယာဉ်တိုက်မှုများ ဖြစ်ပွားနိုင်ခြင်းတို့ကြောင့် လမ်းမပေါ်မှ ဘောလုံးပွဲကို တားမြစ်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

မုန့်ဟင်းခါးဖိုအနံ့ဆိုး ကျန်းမာရေးထိခိုက်နေရ

စာတည်းခင်ဗျား-

ဟင်္သာတမြို့ ရွှေကူရပ်ကွက် ဒုံးပျံလမ်းရှိ မုန့်ဟင်းခါးဖိုမှ အနံ့ဆိုး အပုပ်ရည်များကို စည်းကမ်းမဲ့သွန်နေသဖြင့် ရပ်ကွက်နေပြည်သူများ ကျန်းမာရေး ထိခိုက်နေရသည့်အတွက် လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဒုံးပျံလမ်းသား

ကက်ဆက်ခွေအရောင်းဆိုင်များ သီချင်းများ အပြိုင်ဖွင့်နေ

စာတည်းခင်ဗျား-

လှိုင်သာယာမြို့နယ် (၇)ရပ်ကွက် ဗိုလ်အောင်ကျော်လမ်းပေါ်ရှိ ကက်ဆက်ခွေအရောင်းဆိုင်တို့သည် ငါးပေမျှရှိသည့် (Sound box)ကြီးများဖြင့် နံနက်မိုးလင်းမှ ည ၉နာရီအထိ နေ့ညမပြတ် အသံကျယ်လောင်စွာဖြင့် တေးသီချင်းများ အပြိုင်အဆိုင်ဖွင့်နေရာ ပတ်ဝန်းကျင်မှ နားမခံသာနိုင်အောင် ဖြစ်နေပါ၍ သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

မီးခွက်ဈေးသူတစ်ဦး

သောက်ရေတွင်းနှင့်ဝေးရာ အမှိုက်စွန့်ပစ်စေလို

စာတည်းရှင့်-

မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက် သုခမ္မာလမ်းတွင် နေထိုင်ကြသူများသည် အနက် ၂၅ပေခန့်ရှိသော ရေတွင်းများတူး၍ သုံးစွဲခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ။ ယခုအခါ လေဆိပ်လမ်းဘေးချောင်းများအတွင်းသို့ အမှိုက်များကို နေ့ရောညပါ စွန့်ပစ်ရာမှစ၍ ရေတွင်းများမှ ရေများ အဝါရောင်ပြောင်းခြင်း၊ ရေအနံ့ဆိုးများထွက်ခြင်း၊ ရေအမြှုပ်ပုံစံ အဝါဖတ်များ တက်ခြင်းများဖြစ်ပေါ်နေပါ၍ လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

သုခမ္မာလမ်းသူ

ကျွန်းဦးလမ်း ကျောက်ခင်းပြုပြင်ပေး

စာတည်းခင်ဗျား-

ဧရာဝတီတိုင်း ပုသိမ်ခရိုင် သာပေါင်းမြို့ ရပ်ကွက်(၁) ကျွန်းဦးလမ်းသည် မိုးတွင်းရာသီ ရေများကြီးချိန်တွင် လမ်းများပျက်စီးနေပါသဖြင့် လမ်းနေ ပြည်သူများ သွားလာရ ခက်ခဲနေပါသောကြောင့် လမ်းကို ကျောက်ခင်းလမ်းအဖြစ် ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

ကျွန်းဦးလမ်းသား

ဂျုံစက်သံကြောင့် အိပ်ရေးပျက်

စာတည်းခင်ဗျား-

စစ်ကိုင်းမြို့ ပန်းတောရပ်ကွက် နယ်မြေ(၁၂)ရှိ ဂျုံစက်တွင် ညအချိန်၌ စက်သံ ဆူညံခြင်း၊ သန်းခေါင်ယံအချိန်အထိ ထုရိုက်စက်ပြင်ခြင်းကြောင့် ပြည်သူများ အိပ်ရေးပျက်ရသည့်အပြင် ဂျုံစက်မှ ဂျုံမှုန့်များ ပျံ့လွင့်နေခြင်းတို့ကြောင့် ကျန်းမာရေးထိခိုက်နေရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာလိုသူ

အမှိုက်များကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ကြည့်မြင်တိုင်မြို့နယ် ကြည့်မြင်တိုင် ညဈေးအနောက်ဘက်ရှိ သစ်ခွလမ်းမပေါ်တွင် ညဈေးမှ ငါး၊ ဆိတ်၊ အမဲ အညှီအဟောက်များကို လမ်းမပေါ်၌ စည်းကမ်းမဲ့စွာ စွန့်ပစ်နေခြင်းကြောင့် အနီးပတ်ဝန်းကျင်တွင် နေထိုင်သူများ အနံ့အသက်ဆိုးများကြောင့် ကျန်းမာရေးထိခိုက်ရပါသဖြင့် အမှိုက်ပစ်ခြင်းအား လိုအပ်သလိုကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

နေ့စဉ်အပုပ်နံ့ခံနေရသူများ

ကျူးကျော်အိမ်များကြောင့် မီးဘေးစိုးရိမ်ရ

စာတည်းခင်ဗျား-

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ပွှန်တန်ဆာ မြို့မ(၁)ရပ်ကွက် လျှပ်စစ်လမ်းရှိ လမ်းမြေပေါ်၌ ဆောက်လုပ်ထားသော ကျူးကျော်အိမ်များသည် တိုးချဲ့ရပ်ကွက်များတွင် မြေနေရာပေးထားပြီးဖြစ်သော်လည်း ယခုထိတိုင် ပြောင်းရွှေ့ခြင်းမရှိဘဲ အိမ်များပူးကပ်ဆောက်လုပ်၍ ယင်လုံအိမ်သာများ မရှိခြင်းတို့ကြောင့် ကျန်းမာရေးနှင့် မီးဘေးအန္တရာယ် စိုးရိမ်ရပါသဖြင့် လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **စိုးရိမ်သူ**

လမ်းပေါ်ကဈေးသည် ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား-

သဃ်န်းကျွန်းမြို့နယ် ဈ/တောင်ရပ်ကွက် မင်းရဲကျော်စွာအိမ်ရာရှိ အောင်သပြေ လမ်းပေါ်တွင် လက်ဝဲ လက်ယာ ဈေးသည်များနှင့် အကြော်ဆိုင်များသည် လမ်းနှင့်ရေမြောင်းကို ပိတ်ဆို့ရောင်းချခြင်းကြောင့် မော်တော်ယာဉ်သွားလာရာတွင် မလွတ်မကင်းဖြစ်ကာ ၄င်းဆိုင်များမှ အညှော်နံ့များကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ပါသဖြင့် အဆိုပါ ဈေးသည်များအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

အောင်သပြေသား

ဈေးသည်များ လူသွားစင်္ကြံ၌ ရောင်းချမှုဆောင်ရွက်ပြီးစီး

၁၃-၁၀-၂၀၀၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ဖျာပုံမြို့ ၅ရပ်ကွက် ပထမလမ်းနှင့် ဒုတိယလမ်းရှိ လက်ဖက်ရည်ဆိုင်၊ မုန့်ဟင်းခါးဆိုင်၊ ထမင်းကြော်ဆိုင်နှင့် ပုံကျဈေးသည်များ လူသွားစင်္ကြံပလက်ဖောင်းပေါ်တွင် ခင်းကျင်းရောင်းချမှုအား ကြပ်မတ်ဆောင်ရွက်ပေးရန်** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့။

အမှုန့်ကြိတ်စက်ကြောင့် ကျန်းမာရေးထိခိုက်မှုဆောင်ရွက်ပြီးစီး

၈-၉-၂၀၀၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ထားဝယ်ခရိုင် သရက်ချောင်းမြို့ ကားဂိတ်အနီးရှိ အမှုန့်ကြိတ်စက်လုပ်ငန်းမှ ဆူညံသံနှင့် အနံ့ဆိုးကြောင့် ကျန်းမာရေး ထိခိုက်**ပေးစာနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း တင်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့။

မြန်မာ့လက်ရွေးစင်ဟောင်းအသင်းအား ပွဲမကစားမီတွေ့ရစဉ်။ (မြန်မာ့အလင်း)

■ ကျော်ဖုံးမှ

CMSတီးဝိုင်းနှင့် တွဲဖက်၍ တေးသံသာများဖြင့် ဖျော်ဖြေခဲ့ကြသည်။ အနုပညာရှင်များမှာ ရန်ပုံငွေပွဲတွင် တစ်ဖက်တစ်လမ်းမှ ကူညီသီဆိုပေးခဲ့ခြင်းဖြစ်ပြီး ပရိသတ်များလည်း တစ်ခဲနက် အားပေးခဲ့ကြသည်။

ဝမ်းနည်းခြင်းအထိမ်းအမှတ်

ရန်ပုံငွေဘောလုံးပွဲမစတင်မီ နှစ်ဖက်ဘောလုံးအသင်းအား အနုပညာရှင်များက ပန်းစည်းများပေးကြသည်။ ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူးအားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက နှစ်ဖက်ဘောလုံးသမားများနှင့် ဒိုင်လူကြီးများအား လိုက်လံနှုတ်ဆက်ကြသည်။ ဆက်လက်၍ မုန်တိုင်းကြောင့် ကွယ်လွန်သူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ် တစ်မိနစ် ငြိမ်သက်ခဲ့ကြသည်။

ဘရာဇီးအသင်း - လေးဂိုး။
မြန်မာအသင်း - ဂိုးမရှိ။

ဘောလုံးပညာပြသ

၁၉၉၄ခုနှစ် ကမ္ဘာ့ဖလားချန်ပီယံ ဘရာဇီးအသင်းတွင် ပါဝင်ခဲ့သူပေါ်လိုဆာဂျီယိုဦးဆောင်ပြီး အတွေ့အကြုံများစွာရှိတဲ့ ကစားသမားများစွာ ပါဝင်ခဲ့တဲ့ ဘရာဇီးအသင်းဟာ ဒီနေ့ပွဲမှာ မြန်မာပရိသတ်အတွက် ဘောလုံးပညာများ၊ ဂိုးသွင်းစွမ်းရည်များပြသပြီး အနိုင်ရသွားခဲ့တာဖြစ်ပါတယ်။ မြန်မာအသင်းမှာတော့ ယခင်လက်ရွေးစင်ဟောင်းကစားသမားတွေဖြစ်တဲ့ သန်းတိုးအောင်၊ မျိုးလှိုင်ဝင်း၊ ကြည်လွင်၊အောင်ကျော်ကျော်**(ဂိုး)**နဲ့မင်းဇော်ဦး၊ လက်ရှိ မြန်မာ့လက်ရွေးစင်တွေဖြစ်တဲ့ မိုးဝင်း၊ရန်ပိုင်၊ဟန်ဝင်းအောင်၊ခင်မောင်လွင်စတဲ့ ကစားသမားတွေနဲ့ ပွဲထွက်ခဲ့ပါတယ်။ မြန်မာအသင်းဟာ ဘရာဇီးအသင်းနဲ့ ခြေစွမ်းအရရော၊ ပညာသဏ္ဌာအရပါ ကွာခြားမှုတွေရှိခဲ့ပေမယ့်ကြိုးစားယှဉ်ပြိုင်ခဲ့လို့ဂိုးသွင်းမှုတွေ ပြန်ရခဲ့ပါတယ်။

မြန်မာအသင်းရဲ့ကစားပုံဟာ ဒုတိယပိုင်းမှာပိုကောင်းခဲ့ပြီး၊ တစ်ချိန်က နာမည်ကျော်ခဲ့တဲ့ မျိုးလှိုင်ဝင်း သန်းတိုးအောင်တွဲလုံးကိုပြန်တွေ့မြင်ခဲ့ရသလိုစိုးမြတ်မင်း၊ မျိုးမင်းထွန်းတို့ရဲ့ အလှုပ်တွေကြောင့် ဘရာဇီးဘက်ကို ပြန်ဖိအားပေးနိုင်ခဲ့ပြီး ဘရာဇီးအသင်းရဲ့ ဂိုးသမား ဖေဘီယိုလက်စွမ်းပြနိုင်ခဲ့လို့သာ မြန်မာအသင်း ဂိုးမရခဲ့တာဖြစ်ပါတယ်။ ဘရာဇီးအသင်းရဲ့ အမာခံ ကစားသမားတွေဖြစ်တဲ့ ပေါ်လိုဆာဂျီယို၊ ဂျီယိုဗန်နီ၊ ဆာမီယို၊ ဘာတစ္စတာ တို့ကတော့ အသင်းကို ဦးဆောင်ကစားခဲ့ကာ ပေါ်လိုဆာဂျီယိုကတော့ တိုက်စစ်မှာ ခြေစွမ်းပြပြီး ကိုယ်တိုင်ဂိုးမသွင်းနိုင်ခဲ့ဘဲ ဂိုးရအောင် ဖန်တီးမှုတွေ ပြုလုပ်နိုင်ခဲ့ပါတယ်။

ဦးဆောင်ကစား

ပွဲအစမှာတော့ ဘရာဇီးအသင်းက ပွဲကိုဦးဆောင် ကစားခဲ့ပြီး မြန်မာအသင်းကတော့ ဘရာဇီးကစားကွက်ကို မကျော်နိုင်ခဲ့ပါဘူး။ ဘရာဇီးအသင်းဟာ တစ်ဦးချင်း ပညာနဲ့တစ်ကိုယ်တော်ဖောက်ထွက်ပြီး တစ်ချက်ထိတွေနဲ့ ကစားရာ မြန်မာနောက်တန်း မနည်းထိန်းခဲ့ရပါတယ်။ ၁၀မိနစ်မှာတော့ ဆာမီယိုနဲ့ ဂျီယိုဗန်နီတို့ အပေးအယူလုပ်ပြီး ဆာမီယိုက ဘရာဇီးအသင်းအတွက် ဖွင့်ဆော်ဦး ဂိုးစတင်သွင်းယူခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ မြန်မာအသင်း ဂိုးရဖို့ ပြန်ကြိုးစားလာပါတယ်။ ဒါပေမယ့် ကွင်းလယ်ကစားသမားတွေနဲ့ ရှေ့တန်းကစားသမားတွေ ချိတ်ဆက်မရအောင် ဘရာဇီးနောက်တန်းက ထိန်းချုပ်နိုင်ခဲ့လို့ အခွင့်မသာခဲ့ပါဘူး။ ၁၂မိနစ်မှာ တင့်နိုင်ထွန်းသိန်းဖြတ်ပို့တဲ့ဘောလုံးကို မျိုးလှိုင်ဝင်း ခေါင်းတိုက်သွင်းပေမယ့် ထိချက် မမှန်ခဲ့ပါဘူး။ ကိုယ်လုံးကိုယ်ထည်အရရော ပညာပါသာနေတဲ့ ဘရာဇီးကစားသမားတွေကို မြန်မာကစားသမားတွေ မနည်းထိန်းချုပ်နေရပြီး ၁၇မိနစ်မှာ လွင်ဦးကိုယ့်ဂိုးကိုယ်သွင်းမိလို့ ဘရာဇီးဒုတိယဂိုး ရသွားပါတယ်။

တိုက်စစ်ပုံဖော်

ဘရာဇီးအသင်းရဲ့တိုက်စစ်ကို အဓိကပုံဖော်သွားတာကတော့ ပေါ်လိုဆာဂျီယိုနဲ့ ဆာမီယိုတို့ဖြစ်ပြီး မိနစ်၃၀ကျော်မှ ပေါ်လိုဆာဂျီယိုက သူ့ရဲ့ ကျွမ်းကျင်တဲ့ အလိမ်အခေါက်၊ အတို့အဆိတ်တွေနဲ့ မြန်မာနောက်တန်းကို နှစ်ကြိမ်တိုင်ကျော်ဖြတ်ပြီး ကန်သွင်းခဲ့ပေမယ့် အောင်ကျော်ကျော်က လက်စွမ်းပြကာကွယ်နိုင်ခဲ့ပါတယ်။ မိနစ်၃၀နောက်ပိုင်းမှာတော့ မြန်မာအသင်း ပြန်ဖိလာနိုင်ပြီး အထူးသဖြင့် မျိုးလှိုင်ဝင်းဟာ ကွင်းလယ်အထိ ဘောလုံးဆင်းယူပြီး တိုက်စစ်ကို ပုံဖော်ခဲ့တာကိုတွေ့ရပါတယ်။ ယနေ့ပွဲမှာ မြန်မာ့ဘောလုံးပရိသတ်များစွာ လာရောက်အားပေးကြည့်ရှုခဲ့ပြီး ရရှိသော ကွင်းဝင်ကြေးများကို မုန်တိုင်းသင့်ဒေသများကိုလှူဒါန်းမှာဖြစ်တာကြောင့် ပရိသတ်တွေအနေနဲ့ ဘရာဇီးအသင်းရဲ့ ကစားပုံတွေကို ကြည့်ရှုခဲ့ရသလို ကုသိုလ်လည်း ရခဲ့တဲ့ပွဲပဲ ဖြစ်ပါတယ်။

လူစားလဲမှန်ကန်

ဒုတိယပိုင်းမှာတော့ မြန်မာအသင်းဟာ ကြည်လွင်၊ ရန်ပိုင်၊ ဟန်ဝင်းအောင်နဲ့ တင့်နိုင်ထွန်းသိန်းတို့နေရာမှာ စိုးမြတ်မင်း၊ ကျော်ဒွန်း၊ မျိုးမင်းထွန်းနဲ့ အောင်မျိုးသန့်တို့ကို ထည့်ကစားခဲ့ပါတယ်။ မြန်မာအသင်းဟာ လူစားလဲတာ မှန်ကန်တယ်လို့ ပြောရမှာဖြစ်ပြီး ဒုတိယပိုင်းအစမှာကစားပုံကောင်းမွန်ခဲ့ပါတယ်။ သန်းတိုးအောင်ဟာခြမ်းပြောင်းကစားပြီး ဘယ်ခြမ်းက မျိုးမင်းထွန်း၊ ရှေ့တန်းက စိုးမြတ်မင်းနဲ့ မျိုးလှိုင်ဝင်းတို့ရဲ့အလှုပ်တွေကြောင့် ဘရာဇီးအသင်း ခံစစ်ကို အားပြုကစားခဲ့ရပါတယ်။ သန်းတိုးအောင်ရဲ့ ဘောလုံးပေးပို့မှုတွေ၊ မျိုးလှိုင်ဝင်းရဲ့ အလိမ်အခေါက်တွေဟာ မြန်မာအသင်းတိုက်စစ်ကို ပိုကောင်းစေပေမယ့် ဂိုးတော့မရခဲ့ပါဘူး။

အသုံးမချနိုင်

ဘရာဇီးအသင်းရဲ့ တိုက်စစ်ဟာလည်း တစ်ချက်ဆိုရင်ဆိုသလောက် ထိရောက်မှုရှိခဲ့ပြီး ၁၀မိနစ်မှာ ပေါ်လိုဆာဂျီယို အဝေးက အမှတ်မထင် လှမ်းကန်ရာ တိုင်ထိထွက်သွားခဲ့ပါတယ်။ ၂၄မိနစ်မှာတော့ ဘရာဇီးအသင်းတတိယဂိုးရသွားပြီး ပေါ်လိုဆာဂျီယို ဖြတ်ပေးတာကို ဒါဆေးဗားလ်က ပိတ်သွင်းယူခဲ့တာဖြစ်ပါတယ်။ မိနစ် ၃၀ ကျော်မှာတော့ ဘရာဇီးအသင်းဟာ ပေါ်လိုဆာဂျီယိုအပါအဝင် အမာခံကစားသမား အများစုကို အနားပေးခဲ့ပါတယ်။ ပွဲသိမ်းဂိုးကိုတော့ မိနစ်၄၀မှာ ဆာဂျီယိုအစားဝင်လာတဲ့ အိုလီဗီရာဒါခရစ်ဇ်က အဝေးကနေ လှလှပပကန်သွင်းသွားခဲ့တာ ဖြစ်ပါတယ်။ ပွဲပြီးခါနီးမှာ မြန်မာအသင်းက ဂိုးရဖို့အခွင့်အရေးတွေ ရခဲ့ပေမယ့် စိုးမြတ်မင်းနဲ့ မျိုးလှိုင်ဝင်းတို့ အသုံးမချနိုင်ခဲ့ပါဘူး။

မြန်မာအသင်းမှာ **ဂိုး**-အောင်ကျော်ကျော် (ကိုကိုအောင်)၊ **နောက်တန်း**- ဟန်ဝင်းအောင် (ကျော်ဒွန်း)၊ မိုးဝင်း (အေးဆန်း)၊ မင်းဇော်ဦး၊ ခင်မောင်လွင်၊ **အလယ်တန်း** - လွင်ဦး (ထွန်းမင်းနိုင်)၊ တင့်နိုင်ထွန်းသိန်း (အောင်မျိုးသန့်)၊ ကြည်လွင် (မျိုးမင်းထွန်း)၊ သန်းတိုးအောင် (မောင်မောင်ဌေး)၊ **ရှေ့တန်း**- မျိုးလှိုင်ဝင်းနဲ့ ရန်ပိုင် (စိုးမြတ်မင်း)တို့ ပါဝင်ကစားခဲ့ကြပါတယ်။

ဆက်လက်ကျင်းပမည်

မြန်မာ-ဘရာဇီး ရန်ပုံငွေဘောလုံးပွဲ ဒုတိယပွဲစဉ်ကို အောက်တိုဘာ၂၈ရက် **(အင်္ဂါနေ့)** ညနေ၃နာရီခွဲမှာ အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဝင်ကြေးအဖြစ်အထူးတန်းကျပ်တစ်ထောင်နှင့် ရိုးရိုးတန်း ကျပ်ငါးရာ သတ်မှတ်ထားကြောင်း သတင်းစကားပါးလိုက်ရပါတယ်။ ။ **(မြန်မာ့အလင်း)**

ရန်ပုံငွေဘောလုံးပွဲ မစတင်မီ တေးသံရှင် ချစ်သုဝေ၏ သီဆိုဖျော်ဖြေဟန်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း သဘာဝဘေးအန္တရာယ် ဖောင်ပိတ်သတင်း

ဟွန်ဒူးရပ်စ်၌ မိုးအဆက်မပြတ်ရွာသွန်း ရေကြီး၍ သေဆုံးသူ ၂၉ဦးရှိ

တေဂူစီဂယ်ပါ အောက်တိုဘာ ၂၆

ဟွန်ဒူးရပ်စ်၌ မိုးအဆက်မပြတ် ရွာသွန်းခဲ့မှုကြောင့် အနည်းဆုံး ၂၉ဦး သေဆုံးပြီး ၁၄ဦး ပျောက်ဆုံးနေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဘေးကင်းရာသို့ရွှေ့ပြောင်း

အမေရိကတိုက် အလယ်ပိုင်းနိုင်ငံဖြစ်သည့် ဟွန်ဒူးရပ်စ်တွင် လွန်ခဲ့သောနှစ်ပတ်က မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ လူဦးရေ ၂၀၀၀၀နီးပါး ရွက်ဖျင်တဲများဖြင့် နေထိုင်နေကြရပြီး ၄၀၀၀၀ခန့် ဘေးကင်းရာသို့ရွှေ့ပြောင်းပေးခဲ့ရကြောင်း ဟွန်ဒူးရပ်စ်အစိုးရက ပြောကြားသည်။

အဆိုပါ ရေကြီးမှုကြောင့် ဒေသအချို့ သောက်သုံးရေ အခက်အခဲနှင့် ကြုံတွေ့နေကြရပြီး ငှက်ပျော၊ ကော်ဖီနှင့် အခြားသီးနှံစိုက်ခင်းများ ဧကထောင်ချီ၍ ရေလွှမ်းခဲ့သည်ဟုဆိုသည်။ ထို့အပြင် အဝေးပြေးလမ်းမကြီး ၂၀၀နှင့် တံတားအစင်း ၁၀၀လည်း ပျက်စီးသွားခဲ့သည်။ (အင်တာနက်)

အင်ဒိုနီးရှားဆူလာဝေစီကျွန်း၌ ငလျင်လှုပ်

ဂျကာတာ အောက်တိုဘာ ၂၆

အင်ဒိုနီးရှားနိုင်ငံမြောက်ပိုင်း ဆူလာဝေစီကျွန်းတွင် အောက်တိုဘာ ၂၆ရက်က ရစ်ချ်တာစကေး ၆ဒသမ၄ရှိ အားပြင်းငလျင်တစ်ခုလှုပ်ခဲ့ကြောင်း၊ ယင်းငလျင်ကြောင့် ထိခိုက်ပျက်စီးမှုသတင်းများ ချက်ချင်းမသိရသေးကြောင်း အင်ဒိုနီးရှား မိုးလေဝသ သတင်းအေဂျင်စီက ကြေညာသည်။

သတိပေးချက် ထုတ်ပြန်ခဲ့ခြင်းမရှိ

အဆိုပါငလျင်သည် ဂိုရွန်တာလိုမြို့ အနောက်တောင်ဘက် ၅၆မိုင်အကွာ မြေအောက်မိုင်၂၀အကွာ၌ ဗဟိုပြုလျက်လှုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းငလျင်ကြောင့် ဆူနာမီသတိပေးချက်ထုတ်ပြန်ခဲ့ခြင်းမရှိကြောင်း သတင်းအေဂျင်စီက ဖော်ပြသည်။

(ကိုးကား-အင်တာနက်)

ကမ္ဘာ့အများဆုံး လူစုလူဝေးကြီး

ကမ္ဘာ့ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေး အထိမ်းအမှတ်အဖြစ် ယခုနှစ် အောက်တိုဘာ၂၃ရက်က တောင်အာဖရိကနိုင်ငံက ဦးဆောင်ကာ နိုင်ငံပေါင်း ၁၃၁နိုင်ငံမှ လူပေါင်း ၁၁၆၉၉၃၆၂၉ ဦးတို့က ဆိုင်ရာနိုင်ငံအသီးသီးတွင် စုရုံးရောက်ရှိကာ သရုပ်ပြခဲ့သဖြင့် ကမ္ဘာ့အများဆုံး လူစုလူဝေးကြီးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခြင်းခံခဲ့ရသည်။ **(အပေါ်ပုံ)**

အဆိုပါ ၁၁၆သန်းကျော်မျှသော လူဦးရေသည် ကမ္ဘာ့လူဦးရေ၏ နှစ်ရာခိုင်နှုန်းခန့်ရှိသည့်အတွက် ထိုကဲ့သို့ဖော်ပြခံခဲ့ရခြင်းဖြစ်သည်။

ယင်းအစီအစဉ်ကို နိုင်ငံတကာအဖွဲ့ အစည်းကြီးနှစ်ခုဖြစ်သည့် ကမ္ဘာ့ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးအဖွဲ့(ဂျီစီအေပီ)နှင့် ကမ္ဘာ့ကုလသမဂ္ဂ ထောင်စုနှစ် စည်းရုံးရေးအဖွဲ့တို့က ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်သည်။

(အင်တာနက်ဓာတ်ပုံ)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အရှည်ဆုံး ကျစ်ဆံမြီးပိုင်ရှင်

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ဒါဗင်ပို့မြို့ ပေါ့ခ်စီရင်စုနေ အရှာမန်ဒီလာ အမည်ရှိ အမျိုးသမီးတစ်ဦးသည် ၄င်း၏ ဆံပင်များကို ကျစ်ဆံမြီးကျစ်ထားရာ အရှည် ရှစ်ပေ ကိုးလက်မရှိသဖြင့် ကမ္ဘာ့အရှည်ဆုံး ကျစ်ဆံမြီးပိုင်ရှင်အဖြစ် ဂင်းနက်စ်မှတ်တမ်း တင်နိုင်ခဲ့သည်။ (ယာပုံ)

ထရီနီဒက်နိုင်ငံမှ အမေရိကန်နိုင်ငံ နယူးယောက်မြို့ ဘရွတ်ကလင်းအရပ်တွင် လာရောက်အခြေချနေထိုင်သူ အရှာမန်ဒီလာသည် ဆံပင်အားလုံးကို ဖြတ်ပစ်လိုက်ပြီး နယူးယောက်တွင်နေထိုင်စဉ် နှစ်၂၀ကြာ ဆံပင်ရှည်ထားခဲ့ရာမှ ယခုကဲ့သို့ ကမ္ဘာ့အရှည်ဆုံး ကျစ်ဆံမြီးပိုင်ရှင်အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံခဲ့ရခြင်းဖြစ်သည်။

(အင်တာနက်ဓာတ်ပုံ)

သူတို့အတွေးနှင့်အမြင်

A journey of a thousand miles begins with a single step.

မိုင်တစ်ထောင်ဝေးသောခရီးကို ခြေတစ်လှမ်းမှ စတင်လျှောက်လှမ်းရမြဲဖြစ်သည်။

ကွန်ဖြူးရှပ်စ် (တရုတ်လူမျိုးအတွေးအခေါ်ပညာရှင်)

A man whose life has been dishonourable is not entitled to escape disgrace in death.

ဂုဏ်သိက္ခာညှိုးနွမ်းကာ အမည်းစက်ထင်ခဲ့ဖူးသူ၏ဘဝသည် သေလွန်သည့်တိုင် ထိုအမည်းစက်မှ လွတ်မြောက်ခွင့်ရမည်မဟုတ်ပေ။

လူစီးယပ်စ်အက်စီးယပ်စ် (အမေရိကန်လူမျိုးအတွေးအခေါ်ပညာရှင်)

တစ်သက်တာ ဝေးကြရပြီ ထင်သော်လည်း . . . .

နိုင်ငံတကာမှခင်း

လက်စ်ဗီးဂက်စ်မြို့သည် အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ်အရှေ့တောင်ပိုင်းရှိ လူဦးရေ ငါးသိန်းနီးပါး နေထိုင်သော မြို့ဖြစ်သည်။ အေးချမ်းသော မြို့လေးတစ်မြို့ ဖြစ်သည်။

အမည်ပေး

ထိုမြို့တွင် လွန်ခဲ့သော ရှစ်နှစ်ဖြစ်သည့် ၂၀၀၀ပြည့်နှစ်က အသက် ၂၂နှစ်အရွယ် ရောဘတ်ပတ်ဖင်ဘာဂါအမည်ရှိ အမျိုးသားတစ်ဦးသည် သူ့ထက်နှစ်နှစ်ခန့်ငယ်သော အမျိုးသမီးတစ်ဦးနှင့်လက်ထပ်ခဲ့သည်။ နှစ်နှစ်အကြာတွင် သားယောကျာ်းလေး ထွန်းကားခဲ့ရာ ကိုးလ်ပတ်ဖင်ဘာဂါဟု အမည်ပေးခဲ့သည်။

(ယာပုံ)

ပြည့်စုံ

ရောဘတ်သည် အိမ်ထောင်ကျသောအခါ မိဘတို့၏ လက်ငုတ်လက်ရင်းဖြစ်သည့် အရောင်းအဝယ်လုပ်ငန်းကိုပင် ဦးစီးလုပ်ကိုင်ခဲ့သည်။ စီးပွားရေးလုပ်ငန်း အတန်အသင့် အဆင်ပြေသည်နှင့်အမျှ အိမ်ထောင်ရှင်မကောင်း ပီသသူဇနီးသည်ကြောင့်လည်း အိမ်အတွက်နောက်ဆံတင်းစရာမလိုဘဲ စီးပွားရေးကို ဖြောင့်ဖြောင့်တန်းတန်း လုပ်ကိုင်နိုင်ခဲ့သည်။ ထို့အပြင် တီတီတာတာဖြင့် ချစ်စဖွယ်သောစကားကို ဆိုတတ်သည့် သားကြောင့်လည်း ရောဘတ်၏ဘဝမှာ ချမ်းမြေ့သာယာမှုနှင့် ပြည့်စုံနေသည်။

လိမ္မာရေးခြားရှိ

ရောဘတ်တို့ ဇနီး မောင်နှံသည် တစ်ဦးတည်းသော သားလေးကိုးလ် အသက်ငါးနှစ်သားအရွယ်ရောက်သည့် ၂၀၀၇ ခုနှစ်ကပင် သား၏ရှေ့ရေးအတွက် ပညာသင်ကြားစေခဲ့ရာ ၂၀၀၈ခုနှစ် ခြောက်နှစ်သားအရွယ်တွင် မူလတန်းပညာကို စတင်သင်ကြားနေပေပြီ။ သားဖြစ်သူ ကိုးလ်သည် လိမ္မာရေးခြားရှိပြီး အရွယ်နှင့် မလိုက်အောင် မိဘစကားကို နားထောင်လေ့ရှိသူဖြစ်သည်။

ရတက်မီးပွေ

ရောဘတ်သည် ဘဝကိုအေးချမ်းပျော်ရွှင်စွာဖြတ်သန်းနေစဉ်တွင် အကြီးအကျယ် စိတ်အနှောင့်အယှက်ဖြစ်စရာနှင့် တွေ့ကြုံခဲ့ရသည်။အကြောင်းမှာ ယခုနှစ် အောက်တိုဘာ ၁၆ရက်က ရောဘတ်တို့ ဇနီး မောင်နှံ၏ သားဖြစ်သူ ကိုးလ်မှာ နေအိမ်မှ ပျောက်ချင်းမလှ ပျောက်သွားခဲ့သဖြင့် သူတို့ဇနီးမောင်နှံနှစ်ဦးမှာ သားလိမ္မာလေး ကိုးလ်အတွက် သောကရတက်မီး ပွေခဲ့ရသည်။

အဆက်အသွယ်ရှိနေ

သူတို့ဇနီးမောင်နှံသည် သားဖြစ်သူ ကိုးလ်အား လက်လှမ်းမီရာ နေရာအနှံ့အပြားတွင် လိုက်လံ ရှာဖွေသော်လည်း မတွေ့ခဲ့သည့်အတွက် ရဲအဖွဲ့သို့အကြောင်းကြားခဲ့ရသည်။ ရဲအဖွဲ့က ကိုးလ် ပျောက်ဆုံးမှုနှင့် ပတ်သက်ပြီး ကိုးလ်၏ အဘိုးဖြစ်သူ အသက်၅၁နှစ် အရွယ်ရှိ ကလီမင်တင်နီမီယာအား ပြန်ပေးမှု မသင်္ကာဖြင့် ဖမ်းဆီးခဲ့သည်။ အကြောင်းမှာ ကလီမင်သည် မူးယစ်ဆေးရောင်းဝယ်သူများနှင့် အဆက်အသွယ် ရှိနေသောကြောင့်ဟု ဆိုသည်။

ပြောကြားချက်အရ

ထိုအချိန်၌ ကံကောင်းထောက်မစွာပင် ကိုးလ်သည် ပျောက်ဆုံးပြီး လေးရက်အကြာ အောက်တိုဘာ ၂၀ရက်တွင် ဘေးမသီရန်မခဘဲ ဖခင်ရောဘတ်ထံသို့ ပြန်ရောက်လာရာ ရောဘတ်မှာ ဝမ်းသာလွန်းသဖြင့် ငိုကြွေးခဲ့မိသည်အထိ ဖြစ်ခဲ့သည်။ ယာဉ်မောင်းတစ်ဦးက လူနေရပ်ကွက်ရှိ လမ်းမြောင်တစ်ခုမှထွက်လာပြီး တစ်ကိုယ်တည်း လမ်းလျှောက်နေသော ကိုးလ်အား တွေ့ရှိခဲ့ပြီး ကိုးလ်၏ လိုက်ပို့ရန် ပြောကြားချက်အရ ရဲအဖွဲ့မှ တစ်ဆင့် မိဘများထံ ပြန်ပို့ပေးခဲ့ခြင်းဖြစ်သည်။ ယင်းဖြစ်စဉ်နှင့် ပတ်သက်ပြီး လက်စ်ဗီးဂက်စ်နှင့် ကယ်လီဖိုးနီးယားတောင်ပိုင်းတို့တွင် နေထိုင်လေ့ရှိသော အသက် ၃၀ဝန်းကျင်ရှိ မက္ကဆီကိုနိုင်ငံသား ဂျက်ဆပ်ဂက်စ်တီလမ်အား ဖမ်းဆီးရန် ရဲအဖွဲ့က ရှာဖွေလျက်ရှိသည်။ ထို့အပြင် နောက်ထပ်တစ်ဦးကို ဖမ်းဆီးခဲ့သော်လည်း ရဲအဖွဲ့က အမည်နာမ ထုတ်ဖော်ခြင်းမရှိခဲ့ပေ။

ယခုဖြစ်ရပ်တွင် ပြစ်မှုကျူးလွန်သူများအဖို့ ပြစ်မှုထင်ရှားပါက ထိရောက်သော ပြစ်ဒဏ်ကို ကျခံရမည်ဖြစ်သည်။ ရောဘတ်ပတ်ဖင်ဘာဂါအနေဖြင့် သားဖြစ်သူ ကိုးလ်ပတ်ဖင်ဘာဂါနှင့် တစ်သက်တာ ဝေးကြရပြီဟု ထင်သော်လည်း ကံကြမ္မာကြောင့် ပြန်လည်ပေါင်းဆုံနိုင်ခဲ့သောဖြစ်ရပ်အား ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင်
ကိုးကားရေးဖွဲ့သည်

ရောဘတ်သည် အိမ်ထောင်ကျသောအခါ မိဘတို့၏ လက်ငုတ်လက်ရင်းဖြစ်သည့် အရောင်းအဝယ် လုပ်ငန်းကိုပင် ဆက်လက်ဦးစီး လုပ်ကိုင်ခဲ့၊ စီးပွားရေးလုပ်ငန်း အတန်အသင့် အဆင်ပြေသည်နှင့်အမျှ အိမ်ထောင်ရှင်မကောင်း ပီသသူ ဇနီးသည်ကြောင့်လည်း အိမ်အတွက် နောက်ဆံတင်းစရာ မလိုဘဲ စီးပွားရေးကို ဖြောင့်ဖြောင့်တန်းတန်း လုပ်ကိုင်နိုင်ခဲ့။

အင်တာနက်ကျန်းမာရေး

အနောက်တိုင်း အစားအစာများစားသုံးမှု နှလုံးရောဂါဖြစ်နိုင်ခြေ ပိုများဟုဆို

လန်ဒန် အောက်တိုဘာ ၂၆

အနောက်တိုင်း အစားအစာများကို များများစားသုံးခြင်းကြောင့် နှလုံးရောဂါဖြစ်ပွားသူဦးရေ များပြားလာနေကြောင်း စားသောက်သည့် အလေ့အထများကို ဆေးသုတေသနပညာရှင်အဖွဲ့တစ်ဖွဲ့က လေ့လာတင်ပြထားသည်။

သုတေသနပြု

ကနေဒါနိုင်ငံ မက်မာစတာ တက္ကသိုလ်မှ သုတေသနပညာရှင်များအဖွဲ့သည် နိုင်ငံပေါင်း ၅၂နိုင်ငံရှိ လူဦးရေ ၁၆၀၀၀အား ကမ္ဘာ့စားသောက်ပုံစံ စနစ်သုံးမျိုးကို အခြေခံလျက် သုတေသနပြုလေ့လာခဲ့ကြသည်။

အနောက်တိုင်း အစားအစာများတွင် အဆီဓာတ်၊ ဆားနှင့် အသားဓာတ် ပါဝင်မှုနှုန်းများပြားခြင်းကြောင့် စားသုံးသည့် မည်သည့်လူမျိုးမဆို နှလုံးရောဂါဖြစ်ပွားရန် ၃၀ရာခိုင်နှုန်းရှိသည်ဟု ဆိုသည်။

လေ့လာတင်ပြ

ဟင်းသီးဟင်းရွက်များ စားသုံးခြင်းဖြင့် နှလုံးရောဂါဖြစ်ပွားမှုနှုန်းကို လျှော့ချနိုင်ကြောင်းဖြင့်လည်း သုတေသီများက လေ့လာတင်ပြထားသည်။

အသားဓာတ်လွန်ကဲ

အရှေ့တိုင်း အစားအစာများဖြစ်သည့် တိုဟူး၊ ပဲနှင့်ပြုလုပ်သော အစားအစာများ၊ အချဉ်ပြုလုပ်၍စားသော အစားအစာများသည် နှလုံးရောဂါဖြစ်စေသည့် အဆီဓာတ်၊ အသားဓာတ် လွန်ကဲစွာပါဝင်မှု နည်းပါးသဖြင့် နှလုံးရောဂါအဖြစ်နည်းပါးသည်။

အနောက်တိုင်း အစားအစာများသည် နှလုံးရောဂါဖြစ်ပွားမှုနှင့် ဆက်စပ်နေသည်။ အစားအစာတွင် ဆားဓာတ်ပါဝင်မှုများခြင်းကြောင့် သွေးဖိအားကို မြင့်တက်စေနိုင်သည်။

(အင်တာနက်)

အောင်သုခမေတ္တာရိပ်သာ ယောဂီ မရင်ရင် (Brothers) ထီး၊ ဖိနပ်ရောင်းဝယ်ရေး (ယုဇနပလာဇာ)၊ ခင်ခင်သင်း(စိန်ရွှေရတနာဆိုင်)ပဲခူးမြို့နှင့် ပါမောက္ခဦးသိန်းထွန်း-ဒေါက်တာစီစီမာတို့က နားလေးရောဂါ တိုက်ဖျက်ရေးစီမံချက်အတွက် တန်ဖိုးငွေကျပ် သိန်း ၁၃၀ တန် နား၊ နှာခေါင်း၊ လည်ချောင်းခွဲစိတ်ကု မှန်ဘီလူးတစ်လုံးကို စက်တင်ဘာ ၂၃ ရက်က နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံသို့ လှူဒါန်းစဉ်။ (ကျန်းမာရေး)

မြင်းမူ၌ မျိုးပွားကျန်းမာရေးမြှင့်တင်ပေး လူငယ် ကျန်းမာရေး အကျိုးဆောင်သင်တန်းဖွင့်

မုံရွာ အောက်တိုဘာ ၁၂

စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ မျိုးပွားကျန်းမာရေးမြှင့်တင်ပေးမည့် လူငယ်ကျန်းမာရေး အကျိုးဆောင်သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီက စစ်ကိုင်းခရိုင် မြင်းမူမြို့ ပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းမှူး၏ဇနီး စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြဦးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ရှိန်ကသင်တန်းဖွင့်လှစ်ရခြင်းကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြင်းမူမြို့ အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းနှင့် လှေဦးကန်ကျေးရွာ မူလတန်းကျောင်းတို့မှ ကျောင်းသူလေးများက ကျန်းမာရေးပညာပေးကဗျာများရွတ်ဆို၍ ဖျော်ဖြေကြသည်။

ဆက်လက်၍ တိုင်းမှူး၏ဇနီး ဒေါ်ခင်မြဦးက မြင်းမူမြို့ ပြည်သူ့ဆေးရုံ သားဖွားဆောင်၌ ကလေးမွေးဖွားပြီးမိခင်တို့အား အနီးပိတ်စနှင့်အားဆေးဘူးများ ပေးအပ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှဆောင်ရွက်လျက်ရှိသော ကွမ်းအုံ(တောင်) ကျေးရွာနှင့် ကွမ်းအုံ(မြောက်)ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်ပြီးစီးမှုကို အောက်တိုဘာ၃ရက်က အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် တာဝန်ခံ အင်ဂျင်နီယာမှူး ဦးဝင်းမြင့်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဘားအံမြို့နယ်၌ သန့်ရှင်းရေးဆောင်ရွက်

ဘားအံ အောက်တိုဘာ ၁၄

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ အနီးကပ်ကြီးကြပ်မှု၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ပါဝင်မှုဖြင့် ကရင်ပြည်နယ်၏ မြို့တော်ဖြစ်သော ဘားအံမြို့ သန့်ရှင်းသာယာလှပရေးအတွက် မြို့လုံးကျွတ်သန့်ရှင်းရေးကို စက်တင်ဘာ ၂၈ ရက် နံနက်ကဆောင်ရွက်ရာ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့ပေါ်ရှိ ရပ်ကွက်ကိုးရပ်ကွက်မှ အိမ်ထောင်စုများက တပျော်တပါး လုပ်အားပေးကြသည်။ **(၀၀၈)**

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ ဖျာပုံမြို့ မဟာဗန္ဓုလ လမ်းဘေးဝဲယာရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ ချုံမြက်များ မရှိစေရေးအတွက် သန့်ရှင်းရေးလုပ်ငန်းများကို အောက်တိုဘာ ၂၀ရက်က ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မောင်၊ အင်ဂျင်နီယာမှူးဦးလှမျိုးနှင့် အမှတ်(၅) ရပ်ကွက်ဥက္ကဋ္ဌ ဦးဝင်းစိန်တို့ ကြီးကြပ်စဉ်။ (၁၃၇)

ရမည်းသင်း၌ စာကြည့်တိုက် အဆောက်အအုံများဖွင့် စာအုပ်များ မှတ်တမ်းတင်စာရင်းသွင်းမှု လုပ်ဆောင်

ရမည်းသင်း အောက်တိုဘာ ၁၈

ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ထနောင်းကုန်းကျေးရွာအုပ်စု ကျီစုရွာ မေတ္တာမွန် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၁ရက် နံနက် ၁၀ နာရီက အဆိုပါ အဆောက်အအုံရှေ့၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

မေတ္တာမွန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံကို ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးချီမောင်နှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးသိန်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် ဦးစီးအရာရှိ ဦးချီမောင်က စာအုပ် ၅၀ လှူဒါန်းရာ စာကြည့်တိုက် အတွင်းရေးမှူး ဦးပြုံးမောင်က လက်ခံပြီး ဦးစီးအရာရှိက စာကြည့်တိုက် ရေရှည်တည်တံ့ ခိုင်မြဲရေးလုပ်ငန်းများ ဆွေးနွေးမှာကြားကာ စာအုပ်များမှတ်တမ်းတင် စာရင်းသွင်းမှုများ လက်တွေ့လုပ်ဆောင်ကြသည်။

ယင်းနောက် ထနောင်းကုန်းအုပ်စု ခံဘူးကျေးရွာ ပညာရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံနှင့် ဝကုန်းကျေးရွာ သုတဘဏ်စာကြည့်တိုက် အဆောက်အအုံများကို ဆက်လက်ဖွင့်လှစ်ပေးပြီး စာအုပ်များလှူဒါန်းကြသည်။ **(ခရိုင် ပြန်/ဆက်)**

မြောက်ဥက္ကလာပ အထက(၁) ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၆

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ကျောင်းသားဟောင်းများ၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ၁၁ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် အထက(၁)မေတ္တာရိပ်ရင်ပြင်၌ ကျင်းပမည်ဖြစ်ပြီး အဆိုပါ အခမ်းအနား ကျင်းပရေး အကြိုညှိနှိုင်းအစည်းအဝေးများကို အပတ်စဉ်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အထက(၁) အသင်းရုံးခန်း၌ ကျင်းပရာ ကျောင်းသားဟောင်းများ အနေဖြင့် အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဦးအောင်ကြည်မြင့် ဖုန်း-၀၉-၅၁-၀၅၅၅၊ ၀၉-၅၁-၉၇၇၇၊ ဦးအေးကို၊ ဦးချိုအေး (ACA) ဖုန်း-၀၉-၅၀-၅၇၀၆၆၊ ၆၉၉၅၁၈၊ ဦးသန်းရွှေ (အထက-၁) ဖုန်း-၆၉၉၃၈၉၊ ဦးစိုးသန်း ဖုန်း-၅၅၈၆၉၈၊ ၅၅၉၀၇၄၊ ဦးကျော်ဆန်းထွန်း ဖုန်း-၀၉-၅၁-၀၃၀၀၈နှင့် ဦးဆုတင် ဖုန်း-၀၉-၅၀-၀၉၉၀၁၊ ၃၈၀၄၉၉တို့သို့ ဆက်သွယ်နိုင်ကြောင်းနှင့် အစည်းအဝေးများသို့ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(ပညာရေး)**

ပဲခူးတိုင်း သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်း၍ အောက်တိုဘာ ၁ ရက်က မြို့မဈေး အတွင်းရှိ ကုန်ခြောက်ဆိုင်များ၌ ရောင်းချလျက်ရှိသောဆားများတွင် အိုင်အိုဒင်းဓာတ် ပါဝင်မှုရှိမရှိ စစ်ဆေးကြစဉ်။ (၀၅၀)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့် ရေရှည်တည်တံ့ရေး မာန်အောင်၌ ဆွေးနွေး

မာန်အောင် အောက်တိုဘာ ၁၅

မာန်အောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း အမှတ်စဉ်(၁/၂၀၀၈)ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၈ရက် နံနက် ၈နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရည်ရွယ်ချက်ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီလွင်က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးသိန်းထွန်းအောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ရေရှည်တည်တံ့ရေး

သင်တန်းတွင် မြို့နယ်ဦးစီးမှူး ဦးသိန်းထွန်းအောင်နှင့် စာကြည့်တိုက်လက်ထောက်(၃) ဒေါ်ခင်စုထွေးသက်တို့က စာကြည့်တိုက်ဖွဲ့စည်းထူထောင်ရေးနှင့် စီမံခန့်ခွဲရေး မျိုးတူစုလုပ်ငန်း၊ စာအုပ်များတိုက်ပိုင်ရေးသွင်းနည်းနှင့် စာအုပ်များထိန်းသိမ်းနည်း၊ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး ခေါင်းစဉ်များဖြင့် ပို့ချဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ရေစီးရေလာ ကောင်းမွန်ရေး၊ ဈေးသန့်ရှင်းသာယာလှပရေးအတွက် အပတ်စဉ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၀ရက်က အဖွဲ့ပိုင် မြို့မဈေး၌ အဖွဲ့ဝန်ထမ်းများ၊ ဈေးသူဈေးသားများနှင့် ဈေးမိဈေးဖများ ပူးပေါင်း၍ ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ခြင်းကို ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့်အဖွဲ့က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

ကြက်ငှက်တုပ်ကွေး အသိပေးလေ့ကျင့်ရေး အလုပ်ရုံဆွေးနွေး

မိုးကောင်း အောက်တိုဘာ ၁၂

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူး၍ ကြက်ငှက်တုပ်ကွေးရောဂါ ဆက်သွယ်အသိပေးမှု လေ့ကျင့်ရေး အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၄ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားခန်း၌ ကျင်းပခဲ့ကြောင်း သိရသည်။ (၀၀၁)

အာဟာရသရုပ်ပြ ချက်ပြုတ်ပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ကောလင်း၌ ဆုပေးအပ်ချီးမြှင့်

ကောလင်း အောက်တိုဘာ ၁၅

စစ်ကိုင်းတိုင်း ကသာခရိုင် ကောလင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၀၈ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် မူကြိုအရွယ်ကလေးများအတွက် အာဟာရသရုပ်ပြ ချက်ပြုတ်ပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲဆုပေးပွဲ အခမ်းအနားကို စက်တင်ဘာ ၂၉ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်အေးအေးမိုးက အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှုများ ဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။

ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပြင်ဦးလွင်ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ပထမဆုကို လည်းကောင်း၊ မြို့ကုန်းမြို့မရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဒုတိယဆုကိုလည်းကောင်း၊ ဈေးရုံဗိုလ်တဲရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက တတိယဆုကိုလည်းကောင်း ရရှိသည်။ ဆက်လက်၍ စာစီစာကုံးပြိုင်ပွဲကို တစ်မြို့နယ်လုံးရှိ ကျောင်းများနှင့် ကောလင်းမြို့ အခြေခံပညာအထက်တန်းကျောင်းတို့တွင် နှစ်ကြိမ်ယှဉ်ပြိုင်ခဲ့ရာ အခြေခံပညာအထက်တန်းကျောင်းတွင် ယှဉ်ပြိုင်သော စာစီစာကုံး ပထမဆုကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးမိုးကလည်းကောင်း၊ တစ်မြို့နယ်လုံးပြိုင်ပွဲ ပထမဆုကို မြို့နယ်ဆရာဝန် ဒေါက်တာမောင်မောင်စိုးကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နိုင်ငံ့လိုအပ်ချက်များနှင့်အညီ ပညာရေးကဏ္ဍတိုးတက်လာစေရန် ရည်မှန်းဆောင်ရွက်နေ ကျေးလက်အခြေခံပညာကျောင်းများ၏ ပညာရည်ပိုမိုမြင့်တင်နိုင်ရေး အလေးထားသင်ကြားပေး

ရန်ကုန် အောက်တိုဘာ ၂၆

အခြေခံပညာ ဆရာ၊ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆၆) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိဟသူရတင်အောင်မြင့်ဦးကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ကိုယ်စား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အခြေခံပညာ ဆရာ၊ ဆရာမများအထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆၆) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဆူညံသံအန္တရာယ် ကျန်းမာရေးအတွက် သတိပြုဖွယ်

သတင်းအက်ဆေး — အောင်သုတ ရေးသည်

ဆူဆူညံညံအသံများသည် လူတို့၏ ကျန်းမာရေးနှင့် စိတ်အေးချမ်းသာစွာ နေထိုင်နိုင်မှုတို့ကို ထိခိုက်နိုင်လောက်အောင် အနည်းနှင့်အများ အန္တရာယ်ပြုနိုင်ခြင်းကြောင့် 'အသံဗလံညစ်ညမ်းမှု' (Noise Pollution) သည် မျက်မှောက်ကာလ ကမ္ဘာ့လူသားတို့ ရင်ဆိုင်နေရသော ပြဿနာများအနက် ပြဿနာတစ်ရပ်အဖြစ် တည်ရှိလာနေသည်။

လေ့လာ

လူလုပ်အသံဗလံများ (Human Created Noise)သည် နေ့စဉ်နှင့်အမျှ ပေါ်ထွက်နေပြီး *စာမျက်နှာ ၁၁ ကော်လံ ၃* ✻

မြန်မာ-ဘရာဇီး ရန်ပုံငွေဘောလုံးပွဲ ပထမပွဲစဉ် ဘရာဇီးက ဘောလုံးပညာနှင့် ဂိုးသွင်းစွမ်းရည်များ ပြသပြီး လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားခဲ့

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ - ဖိုးသော်ဇင်
စာမျက်နှာဖွဲ့စည်းမှု တိုးလွင်(မြန်မာ့အလင်း)

ရန်ကုန် အောက်တိုဘာ ၂၆

လေဘေးသင့်ဒေသ ပြည်သူများအတွက် မြန်မာ-ဘရာဇီး ရန်ပုံငွေဘောလုံးပွဲ ပထမပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ဘရာဇီးအသင်းတို့ရဲ့ပွဲစဉ်ကို ယနေ့ညနေ ၃နာရီခွဲက သုဝဏ္ဏကွင်း၌ ကျင်းပရာ ဘရာဇီးအသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားခဲ့ပါတယ်။

ဖျော်ဖြေ

ရန်ပုံငွေဘောလုံးပွဲ မစတင်မီ မွန်းလွဲ ၂ နာရီကစ၍ နာမည်ကြီး အဆိုတော်နှင့် ရုပ်ရှင်သရုပ်ဆောင်များဖြစ်ကြသည့် ဂျေမောင်မောင်၊ ဘိုဖြူ၊ ချောစုခင်၊ ဖြူဖြူကျော်သိန်း၊ ချစ်သုဝေ၊ ဆုန်သင်းပါရ်၊ ဇမ်နူး၊ ခိုင်နှင်းဝေ၊ ပုလဲဝင်း၊ မျိုးစန္ဒီကျော်၊ ခိုင်ပွင့် အစရှိသူတို့က *စာမျက်နှာ ၁၃ ကော်လံ ၁* ■

အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က ဘရာဇီးအသင်းအားကစားသမားများအား နှုတ်ဆက်စဉ်။ (မြန်မာ့အလင်း)

ရခိုင်ကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်တွင် မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်

နေပြည်တော် အောက်တိုဘာ ၂၆

အောက်တိုဘာ ၂၆ ရက် မြန်မာစံတော်ချိန် ညနေ ၅နာရီ ထုတ်ပြန်ချက်-

ယနေ့မြန်မာစံတော်ချိန် ညနေ ၄ နာရီ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းသို့ သိသိသာသာ ရွေ့လျားလာခဲ့ပြီး အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့၏ တောင်ဘက် ၁၇၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်ပိုင်းကမ်းခြေကို စတင်ဖြတ်ကျော်လျက်ရှိရာ နောက် ၁၂နာရီအတွင်း ကုန်းတွင်းသို့ ဝင်ရောက်သွားမည်ဟု ခန့်မှန်းထားသည်။

မိုးကြီးနိုင်

မုန်တိုင်းငယ်၏အရှိန်ကြောင့် ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာနိုင်ပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်နိုင်ပြီး ခေတ္တခဏမျှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အာကာသသိပ္ပံ

အကောင်းဆုံး လကမ္ဘာဆင်းယာဉ် နာဆာအဖွဲ့က ထုတ်ဖော်ပြသ

အရီဇိုးနား အောက်တိုဘာ ၂၆

၂၀၂၀ ပြည့်နှစ်တွင် လကမ္ဘာသို့ဆင်းသက်မည့် အာကာသယာဉ်မှူးများ အာကာသဝတ်စုံမဝတ်ဘဲ မောင်းနှင်အသုံးပြုနိုင်သည့် အကောင်းဆုံး လကမ္ဘာဆင်းယာဉ် အမျိုးအစားသစ်ကို နာဆာအဖွဲ့က သတင်းထောက်များအား မကြာမီကမိတ်ဆက်ပြသခဲ့သည်။ စာမျက်နှာ ၁၁ ကော်လံ ၅ ❒